အထက်တွင်ရှိရန် လိုအပ်မည်ဖြစ်သည်။ ယင်းစာရင်းများတွင် မပါဝင်သည့်ကုမ္ပဏီများသည်ပင် စစ်တပ် သို့မဟုတ် နိုင်ငံရေးအရ ဆက်စပ်နေသည့်ပုဂ္ဂိုလ်များ[၁၂]နှင့် ၎င်းတို့ကြား အချိတ်အဆက်များရှိနေခြင်း၊ အဂတိလိုက်စားမှု အလေ့အထများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုစွပ်စွဲချက်များဖြင့် ပုံမှန်သက်ရောက်မှုများကို ကြိုတင်သိမြင်ရန်နှင့် ထိခိုက်စေသောအကြောင်းများကို ကြိုတင်တားဆီးခြင်းလုပ်ငန်းများတွင် ပြစ်ချက်များရှိနေနိုင်ပေမည်။ ပိုင်ရှင်နှင့် ရှယ်ယာရှင်အမည်များဖြင့် အချိန်နှင့်တပြေးညီဖြစ်ပြီး ပြည့်စုံသော ကုမ္ပဏီမှတ်ပုံတင်ခြင်းများကဲ့သို့ သတင်းအချက်အလက်များကိုလည်း အလွယ်တကူ မရနိုင်သေးပေ။ (မြန်မာကုမ္ပဏီများနှင့် ၎င်းတို့၏ ဒါရိုက်တာများနှင့် ပတ်သက်ပြီး www.opencorporates.com တွင် မပြည့်စုံသည့် သတင်းအချက်အလက်များ ရနိုင်သည့်တိုင်) ကုမ္ပဏီအက်ဥပဒေနှင့်ပတ်သက်ပြီး DICAကိုပေးသည့် အာရှဖွံ့ဖြိုးမှုဘဏ်၏ အကူအညီတွင် အွန်လိုင်းကုမ္ပဏီမှတ်ပုံတင် စနစ်တစ်ခုထူထောင်ရန် အကူအညီတစ်ခုလည်းပါဝင်သည်။

မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီတစ်ခုခု အထူးသဖြင့် မြောက်အမေရိက သို့မဟုတ် ဥရောပမှလာသည့် ကုမ္ပဏီများသည် စီးပွားရေးလုပ်ငန်းနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂလမ်းညွှန်အခြေခံမူများနှင့် အညီ လူ့အခွင့်အရေးဆိုင်ရာ ကြိုတင်သိမြင်ရန်စစ်ဆေးခြင်း၊ ထိခိုက်စေသောအကြောင်းများအား ကြိုတင်တာဆီးခြင်းလုပ်ငန်းများ (Human Rights Due Diligence) ကို ဆောင်ရွက်သည့် မက်လုံးရှိသော လာအို၊ ကမ္ဘောဒီးယား သို့မဟုတ် ဗီယက်နမ်တို့တွင် ရင်းနှီးမြှုပ်နှံမှုများရာတွင် ရင်ဆိုင်ရလေ့မရှိသည့် ပမာဏအတိုင်းအတာတစ်ခုအထိ ၎င်းတို့၏လုပ်ငန်းလည်ပတ်မှုများကို ခြွင်းချက်အားဖြင့် စိစစ်မှုကို ရင်ဆိုင်ရပေမည်။[၁၃]

တာဝန်ယူမှုရှိသောမူဝါဒနှင့် ရင်းနှီးမြှုပ်နှံမှုများကို တိုက်တွန်းအားပေးရန် ယင်းစိစစ်မှုကို ဥပဒေအရ လိုအပ်ချက်တစ်ခုအဖြစ် အမေရိကန်အစိုးရကလုပ်ဆောင်ခဲ့ပြီး မြန်မာနိုင်ငံတွင်း ရင်းနှီးမြှုပ်နှံလျှက်ရှိသည့် မိမိ၏ နိုင်ငံသားများအတွက် အစီရင်ခံရေးလိုအပ်ချက်များကို စတင်မိတ်ဆက်ခဲ့သည်။[၁၄] ၂၀၁၅၊ ဇွန်လ ၂၂ တွင် အစီရင်ခံစာကို ထုတ်ပြန်ခဲ့ပြီး မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံပြီး မြန်မာနိုင်ငံနှင့်ကုန်သွယ်မှုပြုလုပ်သည့်အခါ အမေရိကန်ကုမ္ပဏီများဆောင်ရွက်ရမည့် လူ့အခွင့်အရေးဆိုင်ရာ ကြိုတင်သိမြင်ရန်စစ်ဆေးခြင်း၊ ထိခိုက်စေသောအကြောင်းများအား ကြိုတင်တားဆီးခြင်း လုပ်ငန်းများနှင့်ပတ်သက်ပြီး အသုံးဝင်သော သတင်းအချက်အလက်အချို့ကို ထည့်သွင်းဖော်ပြခဲ့သည်။[၁၅] မြန်မာကုမ္ပဏီများ အထူးသဖြင့် SDN စာရင်းတွင် ပါဝင်သော ကုမ္ပဏီများကိုလည်း ၎င်းတို့၏လုပ်ငန်းလည်ပတ်မှုနှင့်ပတ်သက်ပြီး အလားတူပွင့်လင်းမြင်သာမှုမျိုးကို ထည့်သွင်းစဉ်းစားရန် အမေရိကန်အစိုးရက တိုက်တွန်းအားပေးခဲ့သည်။ ပွင့်သစ်စအစီရင်ခံစာ၏ အပိုင်း ၃ တွင် ယင်းတို့ကိုထည့်သွင်းထားခြင်းအားဖြင့် မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာနကလည်း အမေရိကန်အစီရင်ခံရေး လိုအပ်ချက်များကိုလည်း ထည့်သွင်းထားခဲ့သည်။

.................................................................

၁၂။ guidance from the OECD's Financial Action Task Force (FATF) တွင် နိုင်ငံရေးအရ ထိတွေ့ဆက်ဆံမှုရှိသည့် ပုဂ္ဂိုလ်(PEP) ဆိုသည်ကို ထင်ရှားသော အများပြည်သူနှင့်ဆိုင်သော လုပ်ငန်းတစ်ခုတွင် ပါဝင်ဆောင်ရွက်ခဲ့သော သို့မဟုတ် ပါဝင်ဆောင်ရွက်နေသူအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

၁၃။ http://www.ohchr.org/Documents/Publications/GuidingPrinciplesBusinessHR_EN.pdf

၁၄။ အမေရိကန်အစီရင်ခံရေး လိုအပ်ချက်များတွင် ဖော်ပြထားသည်မှာ 'အတိတ်ကာလက မြန်မာနိုင်ငံရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်ပြီး အများပြည်သူ သတင်းအချက်အလက်ရရှိမှုနှင့် ပွင့်လင်းမြင်သာမှု မရှိခဲ့ခြင်းများကြောင့် အဂတိလိုက်စားမှုနှင့် အစိုးရရန်ပုံငွေများ အလွဲသုံးမှုများဖြစ်ပေါ်စေခဲ့ပြီး အများပြည်သူယုံကြည်မှု ပျက်ပြားစေခဲ့ကာ လူမှုရေးမတည်ငြိမ်မှုများ အထူးသဖြင့် တိုင်းရင်းသားလူနည်းစုဒေသများတွင် ဖြစ်ပေါ်ခဲ့ကာ အစိုးရနှင့် စစ်တပ်တို့၏ နှိပ်ကွပ်မှုနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများလည်း ဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် သတင်းအချက်အလက်များ အများပြည်သူသိအောင် ထုတ်ပြန်ခြင်းသည် အမေရိကန်ရင်းနှီးမြှုပ်နှံမှုများအား ပွင့်လင်းမြင်သာမှု တိုးမြှင့်ခြင်းနှင့် အစိုးရပြုပြင်ပြောင်းလဲရေးအထောက်အကူပြုရန်ဟူသော မြန်မာနိုင်ငံတွင် အမေရိကန်အစိုးရ၏ အဓိက နိုင်ငံခြားရေးမူဝါဒတစ်ရပ်ကို အထောက်အကူဖြစ်စေမည်။

၁၅။ http://burma.usembassy.gov/reporting-requirements.html

စီးပွားရေးနှင့် လူ့အခွင့်အရေးရင်းမြစ်စင်တာ (BHRRC) ကလည်း မြန်မာနိုင်ငံရှိ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများအား ခြေရာခံခြင်းစီမံချက်[၁၆]ဖြင့်လည်း တမူထူးကဲစွာဖြင့် မြန်မာနိုင်ငံရှိ ၄င်းတို့၏ လုပ်ငန်းလည်ပတ်မှုများနှင့်ပတ်သက်ပြီး အသေးစိတ် အချက်အလက်များကို ဖော်ပြရန်အတွက် ၄င်းတို့အား တိုက်တွန်းအားပေးရန် ကုမ္ပဏီများအား အားသွန်ခွန်စိုက် ဆက်သွယ်ခဲ့သည်။ ၂၀၁၅ ဧပြီလရောက်ချိန်တွင် ဆက်သွယ်ခဲ့သည့် ကုမ္ပဏီ ၁၁၈ ခု၏ ၆၆ ခု (၅၆ ရာခိုင်နှုန်း)က တုံ့ပြန်မှုများ ပြုလုပ်ခဲ့ကြသည်။

နိုင်ငံခြားကုမ္ပဏီများနှင့်ပတ်သက်ပြီး အခြားသော ဥပဒေရေးရာ လိုအပ်ချက်များမှာ ၄င်းတို့၏လုပ်ငန်းများအပါအဝင် ၄င်းတို့စီးပွားရေးလုပ်ငန်း မိတ်ဖက်များ၏ လုပ်ငန်းများ၏ လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုများနှင့်ပတ်သက်သော သတင်းအချက်အလက်များကိုပါ ထုတ်ပြန်ရန်ဖြစ်သည်။ ဥပမာ ယူကေ၏ ခေတ်သစ်ကျေးကျွန်ပြုခြင်းဆိုင်ရာ အက်ဥပဒေ ၂၀၁၅ တွင် ကုမ္ပဏီများသည် ၄င်းတို့ကိုယ်ပိုင်လုပ်ငန်းနှင့် ၄င်း၏ ကုန်စည်နှင့်ဝန်ဆောင်မှုပတ်လမ်းတွင် ကျေးကျွန်ပြုခြင်းနှင့် လူမှောင်ခို ကုန်ကူးခြင်းများ မပြုလုပ်စေရန်၊ ကုမ္ပဏီက ပြုလုပ်ခဲ့သည့် လုပ်ဆောင်မှုတစ်ခုခုရှိလျှင် ကျေးကျွန်ပြုခြင်းနှင့် လူမှောင်ခို ကုန်ကူးခြင်းဆိုင်ရာ ရှင်းလင်းချက် နှစ်ပတ်လည်အစီရင်ခံစာတင်ရမည့် အဆင့်များအတိုင်း ဆောင်ရွက်ရန် လိုအပ်သည်။[၁၇] ဥပမာအားဖြင့် အလုပ်သမား ပွဲစားခများသည် အကြွေးဖြင့် ချည်နှောင်ခြင်းဖြစ်စေသလား သို့မဟုတ် အလုပ်သမားများ၏ မှတ်ပုံတင် စာရွက်စာတမ်းများကို သိမ်းထားသလားဆိုသည့် မေးခွန်းများ ပါဝင်နိုင်ပေမည်။ ယင်းအန္တရာယ်ဖြစ်နိုင်ခြေများကို ကင်းရှင်းအောင် မိမိတို့စီမံခန့်ခွဲနေကြောင်း အများပြည်သူသိအောင်ပြသနိုင်သည့် မြန်မာကုမ္ပဏီများသည် မိခင်နိုင်ငံ ဥပဒေများအရ ယင်းသို့သော လိုအပ်ချက်အမျိုးအစားများနှင့် ကိုက်ညီရမည့် နိုင်ငံခြားစီးပွားရေးလုပ်ငန်း မိတ်ဖက်များကို အပြိုင်ဆွဲဆောင်ရမည့်အချိန်တွင် အခွင့်သာမှု ရလိမ့်မည်ဖြစ်သည်။

## အရပ်ဘက်လူ့အဖွဲ့အစည်းများမှ အမြင်များ

အရပ်ဘက်အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေးလှုပ်ရှားမှုများနှင့် တွေ့ဆုံမှုများစွာတွင် ၂၀၁၄ ပွင့်သစ်စအစီရင်ခံစာနှင့် ပတ်သက်ပြီး မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာနက ရှင်းလင်းပြောကြားခဲ့ပြီး ၂၀၁၅ အစီရင်ခံစာ၏ ဒီဇိုင်းရေးဆွဲရာတွင် အထောက်အကူဖြစ်စေရန် ၂၀၁၅ ဖေဖော်ဝါရီတွင် အကြံပြုဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့သည်။

ကုမ္ပဏီ၏ တာဝန်ခံမှုရှိအောင် ဆောင်ရွက်ရာတွင် အဓိကစိန်ခေါ်မှုများအနက်တစ်ခုမှာ နစ်နာမှုများကို လက်ခံပြီး ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ပတ်သက်သူများနှင့် ထိတွေ့ဆောင်ရွက်ခြင်းအတွက် တာဝန်ယူလိုသည့် ကုမ္ပဏီဝန်ထမ်းကို ရှာဖွေရခြင်းဖြစ်သည်ဟု MCRB အား အရပ်ဘက်အဖွဲ့အစည်းများက ပြောကြားကြသည်။ ယင်းသည် အထူးသဖြင့် ကုမ္ပဏီက ဝန်ကြီးဌာနအပေါ် လွှဲချ သို့မဟုတ် ဒေသဆိုင်ရာအာဏာပိုင်များက ကုမ္ပဏီကိုပြန်လွှဲချ စသည်ဖြင့်ဖြစ်တတ်သော အစိုးရနှင့် ပူးတွဲလုပ်ကိုင်သည့် လုပ်ငန်းများတွင် ယင်းသို့ စိန်ခေါ်မှုများနှင့် ကြုံရသည်ဟုဆိုသည်။

ထို့ပြင် မြန်မာကုမ္ပဏီအချို့ကသာ ပြင်ပ သက်ဆိုင်ပတ်သက်သူများနှင့်ပတ်သက်ပြီး တုံ့ပြန်ဖြေရှင်းရေးကို တာဝန်ယူထားသည့် ဌာနကို ထားရှိကြသည်။ (ရှိမည်ဆိုလျှင် ရပ်ရွာ၊ ပြည်သူ၊ ပြင်ပ သို့မဟုတ် ကော်ပိုရိတ်ဆက်ဆံရေး သို့မဟုတ်

---

၁၆။ http://business-humanrights.org/en/search-responses-by-company-name-myanmar-foreign-investment-tracking-project

၁၇။ http://www.legislation.gov.uk/ukpga/2015/30/section/54/enacted

ရေရှည်တည်တံ့ရေးဌာနဟု ခေါ်ဆိုရပေမည်)။ ယင်းလုပ်ငန်းများအတွက် လူအား၊ ငွေအား စိုက်ထုတ်သုံးစွဲသည့် ကုမ္ပဏီများသည် ပွင့်သစ်စအစီရင်ခံစာ၏ ပွင့်လင်းမြင်သာမှုညွှန်းကိန်းတွင် စွမ်းဆောင်မှုအကောင်းဆုံးများ ဖြစ်ကြပေမည်။ ၎င်းတို့သည် ယင်းဌာနကိုထူထောင်ပြီး ကောင်းမွန်သော နိုင်ငံတကာအလေ့အထများ ရေးဆွဲရန် နိုင်ငံခြားအကြံပေးများကို ရံဖန်ရံခါ ခေါ်လေ့လည်း ရှိကြသည်။

ယခုနှစ်အစီရင်ခံစာ၏ မေးခွန်းနံပါတ် ၂၆ မှာ သက်ဆိုင်ပတ်သက်သူ ထိတွေ့ဆက်ဆံခြင်းအကြောင်းဖြစ်ပြီး မေးခွန်းနံပါတ် ၃၅ မှာ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ နစ်နာမှုကုစားရေးယန္တယားများ (OMGs) များအကြောင်းဖြစ်သည်။ OGMsများရှိသည်ဆိုသော ကုမ္ပဏီများ၏ ဖြည့်ဆည်းဆောင်ရွက်မှုကိုစမ်းသပ်ရန်အတွက် ကုမ္ပဏီကတာဝန်ခံရန် ယင်းသို့သော ယန္တယားများအသုံးပြုရန် ကိစ္စရပ်များနှင့် နစ်နာမှုများရှိလျှင် စမ်းသပ်ကြရန် CSO များအားမြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး အထောက်အကူပြုဌာနက တိုက်တွန်းအားပေးခဲ့သည်။ ကုမ္ပဏီက တုံ့ပြန်ဖြေရှင်းမှုရှိ၊ မရှိနှင့်ပတ်သက်ပြီး မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာနကို ပြန်လည်ပြောပြရန်လည်း ၎င်းတို့အား မိမိတို့က တိုက်တွန်းအားပေးခဲ့သည်။

အရပ်ဘက်အဖွဲ့အစည်းများတင်ပြသည့် ဒုတိယအချက်မှာ ကုမ္ပဏီ၏ပိုင်ဆိုင်မှုများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ပိုမိုထုတ်ပြန်စေရန် ဆန္ဒရှိခြင်းဖြစ်ပြီး အထူးသဖြင့် မည်သည့်နေရာတွင် မည်သို့သော လုပ်ငန်းရည်ရွယ်ချက်များနှင့် မည်သည့်မြေယာများကို ပိုင်ဆိုင်ထားကြသနည်း ဆိုသည်ပင်ဖြစ်သည်။ ၂၀၁၅ အစီရင်ခံစာတွင် ပြင်ဆင်ထားသော မေးခွန်းနံပါတ် ၃၂ အရ ကုမ္ပဏီလုပ်ငန်းလည်ပတ်မှုများ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပိုင်ဆိုင်ထားသည့် တစ်စုံတရာသော မြေယာများကို ဖော်ထုတ်ခြင်းအပါအဝင် ၎င်း၏ လုပ်ငန်းအကောင်အထည်ဖော်ခြင်းအစီရင်ခံစာ၊ မြေယာရယူမှုများ၊ အသုံးပြုမှုများနှင့် စီမံခန့်ခွဲမှုများကို ကုမ္ပဏီက မည်သို့ဆောင်ရွက်သနည်းဆိုသည့် မူဝါဒတစ်ရပ် သို့မဟုတ် လုပ်ထုံးလုပ်နည်းများရှိသလော ဆိုသည်အပေါ် အမှတ်ပေးခြင်းဖြစ်သည်။

## မြန်မာစီးပွားရေးလုပ်ငန်းများမှ အမြင်များ–ပွင့်လင်းမြင်သာမှုအတွက် စီးပွားရေးလုပ်ငန်းလေ့လာမှု

မြန်မာကုမ္ပဏီများက စတင်အသိအမှတ်ပြုလာကြသည့် မြန်မာကုမ္ပဏီပွင့်လင်းမြင်သာမှုအတွက် ရှင်းလင်းသော ကိစ္စရပ်တစ်ခုဖြစ်သည်။ ၂၀၁၅ ဇွန်လရောက်ချိန်တွင် မြန်မာစီးပွားရေးလုပ်ငန်း ၂၂၂ ခုသည် UN Global Compact[၁၈] အဖွဲ့ဝင်အဖြစ်ခဲ့ကြကာ ရွှေတောင်နှင့် ကေအမ်ဒီတို့ကဲ့သို့သော ကုမ္ပဏီများစွာသည် အရည်အသွေးပြည့်ဝသော နှစ်စဉ်ဆက်ဆံရေးတိုးတက်မှု (Communication on Progress)ကို ထုတ်ပြန်ခဲ့ကြသည်။ ယင်းစီးပွားရေးလုပ်ငန်းများသည် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်း ဖြစ်ရန်အတွက် (UN Global Compact ၏ အခြေခံမူ ၁၀ ချက်ကို လိုက်နာခြင်းဖြင့်) နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကိုက်ညီအောင်ဆောင်ရွက်ရသည့်တန်ဖိုးကို အသိအမှတ်ပြုခဲ့ကြသည်။ ယင်းအခြေခံမူ ၁၀ချက်- ဥပမာ–လူ့အခွင့်အရေး၊ အလုပ်သမားအခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်နှင့် အဂတိလိုက်စားမှု စသည့်တို့နှင့်စပ်လျဉ်းပြီး ၎င်းတို့၏ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုများကို ပွင့်လင်းမြင်သာစွာလည်း ဆောင်ရွက်ကြသည်။ ယင်းသို့ ဆောင်ရွက်လာခြင်းသည် ပရဟိတလှူဒါန်းမှုများ၏ ဓာတ်ပုံများကိုသာဖော်ပြသည့် မြန်မာကုမ္ပဏီများ၏ အစဉ်အလာ CSR ဆက်ဆံရေးမှသည် အဆင့်တစ်ခု ပြောင်းလာခြင်းဖြစ်သည်။

..............................................................

၁၈။ https://www.unglobalcompact.org/what-is-gc/participants

ပွင့်လင်းမြင်သာမှုအရှိဆုံး ဝဘ်ဆိုဒ်များရှိကြသည့် ၂၀၁၄ ပွင့်သစ်စအစီရင်ခံစာတွင် အသိအမှတ်ပြုမှု ရခဲ့သည့် ဦးဆောင်ကုမ္ပဏီအများစုသည် အမှတ်ပေးဇယားရှိ ၄င်းတို့၏ အဆင့်ကို အများပြည်သူသိအောင် ထုတ်ပြန်လိုစိတ် ပြင်းပြင်းပြပြ ရှိကြသည်။ တကယ်တမ်းတွင် ပွင့်သစ်စအစီရင်ခံစာတွင်မပါဝင်သော ပမာဏသေးငယ်သည့် ကုမ္ပဏီအချို့ကလည်း အမှတ်ပေးမှုတွင် ၄င်းတို့ပါဝင်နိုင်မည်လောဟု မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာနသို့ မေးမြန်းခဲ့ခြင်းကလည်း ယင်းသို့သော အသိအမှတ်ပြုမှုမျိုးသည် နိုင်ငံခြားလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံသူများ(အထက်တွင်ရှုပါ)နှင့် လက်တွဲဆောင်ရွက်ခွင့်များ တိုးပွားစေသည့် အခွင့်အလမ်းတစ်ရပ်ဟု ၄င်းတို့ ရှုမြင်ကြခြင်းကြောင့်ဖြစ်သည်။ ၂၀၁၅ ၏ အဓိက အစီရင်ခံစာတွင် နောက်ဆက်တွဲအဖြစ် ဆန္ဒအလျောက်ဆောင်ရွက်ကြမည့် ပမာဏသေးငယ်သော ကုမ္ပဏီများ၏ နောက်ထပ် ဆန်းစစ်မှုတစ်ခုဆောင်ရွက်ရန် ဖြစ်နိုင်ဖွယ်ရှိမည်လားဆိုသည်ကို မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး အထောက်အကူပြုဌာနက ထည့်သွင်း စဉ်းစားသွားမည်ဖြစ်သည်။

ထို့ပြင် စီးပွားလုပ်ငန်းအတွင်း လေ့လာဖွယ်ကိစ္စရပ်တစ်ခုလည်းဖြစ်သည်။ ဝဘ်ဆိုဒ်တစ်ခုနှင့် ဖေ့စ်ဘွတ်စာမျက်နှာတစ်ခုတို့သည်လည်း ကုမ္ပဏီတစ်ခုအတွက် မိမိ၏ဝန်ထမ်းများနှင့် ထိတွေ့ဆက်ဆံရန်၊ အသိပေးရန်နှင့် စိတ်ခွန်အားပေးဖွယ်ရာ ပဓာနကျသော နည်းလမ်းတစ်ရပ်လည်းဖြစ်သည်။ မြန်မာနိုင်ငံတွင် မိုဘိုင်းလ်ဖုန်းနှင့် အင်တာနက်ထိုးဖောက်မှုသည် တစ်နှစ်မပြည့်မီကာလအတွင်း ၇ ရာခိုင်နှုန်းမှ ၄၅ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့သည်။ ဝဘ်ဆိုဒ်ပေါ်တွင် ကုမ္ပဏီ၏ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်း နည်းလမ်းများနှင့်ပတ်သက်သည့် နောက်ဆုံးရ သတင်းအချက်အလက်များကို အလွယ်တကူ ရယူနိုင်သည့် ဝန်ထမ်းများသည် ၄င်းတို့၏ အလုပ်ခွင်တွင် ယင်းနည်းလမ်းကို ပိုပြီးအသုံးပြုလာနိုင်ကြပေမည်။ ထိုသူတို့သည် ပြင်ပ သက်ဆိုင်ပတ်သက်သူများနှင့် ကုမ္ပဏီကြား ဆက်ဆံရေးအတွက် ပိုမိုကောင်းမွန်သည့် သံတမန်များလည်း ဖြစ်လာပေမည်။ ပွင့်လင်းမြင်သာသည်ဟု နာမည်ဂုဏ်သတင်းရှိသည့် ကုမ္ပဏီဖြစ်ရန် လုပ်ကိုင်ရခြင်းသည် မြန်မာကုမ္ပဏီများစွာ ပြောကြသည့် အဖြစ်အများဆုံး ပြဿနာတစ်ခုဖြစ်သော ဝန်ထမ်းများခေါ်ယူခြင်းနှင့် လုပ်ငန်းခွင်မြဲစေခြင်းအတွက်လည်း အားပေးမှုတစ်ခု ဖြစ်သင့်သည်။ အကယ်၍ သတင်းအချက်အလက်များ အလွယ်တကူရရှိမည်ဆိုလျှင် ကုမ္ပဏီသည် မိမိ၏လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ပိုမိုတိကျသော မီဒီယာဖော်ပြချက်များကိုလည်း ကြည့်သင့်သည်။

၂၀၁၄ ပွင့်သစ်စအစီရင်ခံစာ ထုတ်ပြန်ခဲ့ပြီးကတည်းက ယခုအစီရင်ခံစာတွင်ပါဝင်သည့် ကုမ္ပဏီ ၁၀၀ ကိုသာမကဘဲ ပွင့်သစ်စအစီရင်ခံစာတွင်ပါဝင်သည့် နယ်ပယ်များတွင် မိမိတို့၏စွမ်းဆောင်ရည် တိုးတက်လိုသည့် မြန်မာကုမ္ပဏီများကို အထောက်အကူပေးရန် မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေးအထောက်အကူပြုဌာနက ကြိုးပမ်းခဲ့သည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေး (စက်တင်ဘာ ၂၀၁၄)[၁၉]၊ အခွင့်အရေးမူဝါဒများ (အောက်တိုဘာ ၂၀၁၄)နှင့် လူ့အခွင့်အရေး အစီရင်ခံခြင်း (နိုဝင်ဘာ ၂၀၁၄)[၂၀]နှင့် မကျေနပ်မှုများကိုတိုင်ကြားခြင်းနှင့် နစ်နာမှုများကိုဖြေရှင်းခြင်းဆိုင်ရာ ထိရောက်မှုရှိသောလုပ်ငန်းစဉ်ဖော်ထုတ်ရေး အလုပ်ရုံဆွေးနွေးပွဲ(ဇွန် ၂၀၁၅)[၂၁] စသည့် အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပခဲ့သည်။ ယင်း အလုပ်ရုံဆွေးနွေးပွဲများ၏ ဆွေးနွေးတင်ပြချက်များအားလုံးကို မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန ဝဘ်ဆိုဒ်တွင် ရယူနိုင်ပါသည်။

..............................................................................

၁၉။ http://www.myanmar-responsiblebusiness.org/news/workshop-anti-corruption-programmes.html. This workshop was accompanied by the distribution of a Burmese translation of Transparency International s, Business Principles for Countering Bribery (SMEs edition)

၂၀။ http://www.myanmar-responsiblebusiness.org/news/pwint-thit-follow-up-mcrb-workshops.html

၂၁။ http://www.myanmar-responsiblebusiness.org/news/workshop-developing-effective-grievance-mechanism.html

မြန်မာနိုင်ငံ၏ လက်ရှိအနေအထားအရ ဝဘ်ဆိုဒ်များအား မေးခွန်း ၃၅ ခုဖြင့် လေ့လာအမှတ်ပေးခြင်းသည် ပြည်တွင်းကုမ္ပဏီများအတွက် မြင့်မားသည့် စံသတ်မှတ်ချက်တစ်ရပ် ဖြစ်ပေမည်။ ဒေသတွင်းရှိ သက်တမ်းရင့် အခြေခိုင်ပြီးသော ကုမ္ပဏီများစွာပင် ယင်းစံနှုန်းများကို အပြည့်အဝ မမီပေ။ ထို့ကြောင့် အကြံပြုနိုင်သည့်အချက်မှာ ပမာဏသေးငယ်သော မြန်မာကုမ္ပဏီများသည် ပွင့်လင်းမြင်သာမှုတိုးမြှင့်ရန် ကြီးစွာသောအားထုတ်မှုကို ဆက်လက်ဆောင်ရွက်ရန်သာဖြစ်သည်။

အထက်တွင်ဖော်ပြထားသလိုပင် စီးပွားရေးလုပ်ငန်း၏ ပွင့်လင်းမြင်သာမှုပိုမိုရှိခြင်းသည် ကုမ္ပဏီဝဘ်ဆိုဒ်များ လွှင့်တင်ထားခြင်းထက်ပိုသည်။ ယင်းတွင် မီဒီယာအပါအဝင် အရပ်ဘက်အဖွဲ့အစည်း သက်ဆိုင်ပတ်သက်သူများ၊ စီးပွားရေး လုပ်ငန်းများနှင့် အစိုးရတို့ကဆောင်ရွက်သည့် လုပ်ငန်းများကို ဖော်ပြရန်လည်းလိုအပ်သည်။ ယမန်နှစ်အစီရင်ခံစာအပေါ် အကြံပြုချက်များအရ ယခုနှစ်တွင် မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေးအထောက်အကူပြုဌာနက ကုမ္ပဏီများ၊ အစိုးရ၊ ရင်းနှီးမြှုပ်နှံသူများ၊ မီဒီယာနှင့် အရပ်ဘက်အဖွဲ့အစည်းများသို့ အကြံပြုချက်များလည်း ပေးအပ်ထားပါသည်။

# စီမံချက်ဆောင်ရွက်ခြင်းနှင့် စနစ်တကျဆောင်ရွက်ပုံအဆင့်ဆင့်

အပြည်ပြည်ဆိုင်ရာပွင့်လင်းမြင်သာမှုအဖွဲ့ကြီး(TI)၏ Transparency in Corporate Reporting(TRAC)-Assessing the World s Largest Companies TRAC report[၂၂] ကို အတုယူပြီး ပထမဆုံးအကြိမ် ပွင့်သစ်စအစီရင်ခံစာသည် ပမာဏကြီးမားသော မြန်မာကုမ္ပဏီ ၆၀ ၏ ဝဘ်ဆိုဒ်များကို လေ့လာခဲ့သည်။ TRAC ၏ စနစ်တကျ လုပ်ဆောင်ပုံအဆင့်ဆင့်မှာ ကုမ္ပဏီများကို ၎င်းတို့၏ဝဘ်ဆိုဒ်ပေါ်တွင် ထုတ်ပြန်ထားသည့် သတင်းအချက်အလက်များကို လေ့လာဆန်းစစ်ခြင်းအပေါ် အားပြုသည်။ လေ့လာသုံးသပ်သည့် နယ်ပယ်သုံးရပ်မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ အဖွဲ့အစည်းဆိုင်ရာ ပွင့်လင်းမြင်သာမှုနှင့် အခွန်ပေးဆောင်မှုအပါအဝင် အရေးပါသော ဘဏ္ဍာရေးအချက်အလက်များ ဖော်ပြခြင်းတို့ဖြစ်သည်။ အင်တာနက်ပေါ်တွင် သတင်းထုတ်ပြန်ပြီး ကျယ်ကျယ်ပြန့်ပြန့်ရရှိနိုင်သည့် သတင်းအချက်အလက်များအပေါ်တွင်သာ အမှတ်ပေးခြင်းသည် အစီရင်ခံစာ၏ ရည်ရွယ်ချက်ဖြစ်သည်။

ယင်းကို မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းအခြေအနေများနှင့်ကိုက်ညီအောင် MCRB က ပြုလုပ်ခဲ့သည်။ မြန်မာကုမ္ပဏီများသည် နိုင်ငံစုံကော်ပိုရေးရှင်းကြီးများမဟုတ်သည့်အတွက် အမျိုးမျိုးသော တရားစီရင်ရေးများအောက်တွင် အခွန်ပေးဆောင်ရန် မလိုပေ။ မြန်မာနိုင်ငံနှင့် သက်ဆိုင်သူများသည် မြေယာ၊ လူ့အခွင့်အရေးနှင့် HSE များကို အထူးအာရုံစိုက်သည်။ ထို့ကြောင့် ရလဒ်အားဖြင့် ပွင့်သစ်စစီမံချက်တွင် အောက်ပါ နယ်ပယ်သုံးရပ်ကိုလေ့လာသည်။ ယင်းတို့မှာ

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး- ၎င်းတို့၏ စီးပွားရေးလုပ်ငန်းနှင့် ကုန်စည်ဝန်ဆောင်မှုပတ်လမ်းများအတွင်း အဂတိလိုက်စားမှုကို တိုက်ဖျက်ရန် ကုမ္ပဏီက မည်သို့လုပ်ဆောင်သည်ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး အစီရင်ခံခြင်းက ပြသသည်။

၂။ အဖွဲ့အစည်းဆိုင်ရာ ပွင့်လင်းမြင်သာမှု- ၎င်းတို့၏ပမာဏ၊ ဖွဲ့စည်းတည်ဆောက်ပုံနှင့် စီးပွားရေးလုပ်ငန်းများနှင့်ပက်သက်ပြီး ကုမ္ပဏီတစ်ခုသည် မည်သို့ပွင့်လင်းမြင်သာမှုရှိသည်ကိုပြသသည့် အခြေခံကျဆုံး ညွှန်းကိန်းတစ်ခုဖြစ်သည်။

၃။ လူ့အခွင့်အရေး၊ ကျန်းမာရေး၊ လုံခြုံစိတ်ချရမှုနှင့် သဘာဝပတ်ဝန်းကျင်(HSE)- ယင်းနယ်ပယ်များတွင် ကျင့်သုံးသည့် မူဝါဒများကို ထုတ်ဖော်ပြီး ၎င်းတို့၏ အကောင်အထည်ဖော်မှုများကို အစီရင်ခံခြင်းသည် စီးပွားရေးလုပ်ငန်းတစ်ခုက ၎င်း၏ အလုပ်သမားများနှင့် သဘာဝပတ်ဝန်းကျင်ကို မည်သို့ကာကွယ်သည်၊ လူအခွင့်အရေး ချိုးဖောက်မှုများကို မည်သို့ ကြိုတင်ကာကွယ်သည်နှင့် ထိရောက်သောကုစားမှုတစ်ခု ရရှိခွင့်အတွက် အထောက်အပံ့ဖြစ်သလား ဆိုသည်ကို ပြသသည်။

..............................................................................

၂၂။ http://gateway.transparency.org/tools/detail/310© Transparency International. All Rights Reserved. For more information, visit http://www.transparency.org.

ယင်းဝဘ်ဆိုဒ်များကို အမှတ်ပေးရန် မေးခွန်း ၃၅ ခုကို MCRB က ပြင်ဆင်ခဲ့သည်။ ပထမ အမျိုးအစားနှစ်ခုဖြစ်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် အဖွဲ့အစည်းဆိုင်ရာ ပွင့်လင်းမြင်သာမှုကဏ္ဍများအတွက် မေးခွန်းများကို TRAC၏စနစ်တကျ ဆောင်ရွက်ပုံအဆင့်ဆင့်မှ ယူထားသည်။ တတိယအမျိုးအစားအတွက်မူ မြန်မာနိုင်ငံအတွက် အမေရိကန် အစီရင်ခံစာ တင်သွင်းခြင်း လိုအပ်ချက်များ၊ ကမ္ဘာလုံးဆိုင်ရာ အစီရင်ခံရေးအဖွဲ့(GRI)[၂၃]နှင့် လူ့အခွင့်အရေး အစီရင်ခံခြင်းနှင့် လိုက်နာဆောင်ရွက်ရေး မူဘောင်များအဖွဲ့(RAFI)[၂၄]နှင့် အခြားကျွမ်းကျင်သူ အကြံပေးချက်များမှ ကောက်နုတ်ပြုစုထားသည်။ ၂၀၁၅ ခုနှစ်တွင် ဝဘ်ဆိုဒ်များကို အမှတ်ပေးရန် အသုံးပြုထားသည့် မေးခွန်း ၃၅ ခုကို များများစားစား ပြောင်းထားခြင်းမရှိပေ။ (နောက်ဆက်တွဲတွင် ရှုပါ)။ သို့သော်လည်း အရပ်ဘက် အဖွဲ့အစည်းများ၏ အကြံပြုချက်ကို ထင်ဟပ်စေရန် ဖြစ်သလို လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာအစီရင်ခံခြင်း အလေ့အထများအတိုင်းဖြစ်စေရန် မြေယာ၊ လူ့အခွင့်အရေး၊ ကျန်းမာရေး၊ လုံခြုံစိတ်ချရမှုနှင့် သဘာဝပတ်ဝန်းကျင်(HSE)တို့ပါဝင်သည့် တတိယပိုင်းတွင် အပြောင်းအလဲအချို့ ပြုလုပ်ထားသည်။

## ကုမ္ပဏီရွေးချယ်ခြင်း

၂၀၁၄ တွင် အသုံးပြုခဲ့သည့် သုတေသနနှင့် အမှတ်ပေးခြင်း စနစ်တကျလုပ်ဆောင်ပုံအဆင့်ဆင့်ကိုပင် အသုံးပြုထားသော်လည်း မြန်မာကုမ္ပဏီ ၁၀၀ ပါဝင်စေရန် စာရင်းကို တိုးချဲ့ထားသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပြန်သည့် အခွန်ထမ်း ထိပ်တန်း ၁၀၀၀ စာရင်းကို အခြေခံပြီး ကုန်သွယ်လုပ်ငန်းခွန်နှင့် သို့မဟုတ် ဝင်ငွေခွန်ပမာဏ အများအပြားပေးဆောင်သူများမှ ယင်းကုမ္ပဏီများကို MCRB က ရွေးချယ်ခဲ့သည်။ ၂၀၁၃-၂၀၁၄ တွင် အခွန်ပမာဏ အများအပြားပေးဆောင်ခဲ့ခြင်းမရှိသော်လည်း မြန်မာ့စီးပွားရေးတွင် ထင်ရှားသည့်အခန်းကဏ္ဍ၌ ရှိနေသည့် ကုမ္ပဏီများကို ထပ်မံထည့်သွင်းခဲ့သည်။ ၂၀၁၄ အစီရင်ခံစာတွင်ပါဝင်ခဲ့သည့် ကုမ္ပဏီအများစုကိုလည်း ပြန်လည်လေ့လာခဲ့သည့်တိုင် အခွန်ထမ်းစာရင်းတွင် မပါဝင်သဖြင့် ကုမ္ပဏီအနည်းငယ်ကို ချန်လှပ်ထားခဲ့သည်။

## အုပ်စုများ

မြန်မာနိုင်ငံတွင် အုပ်စုဟူသည့် စကားလုံးကို ရှေ့နောက်ညီညွတ်မှုမရှိဘဲ အသုံးပြုကြသည်။ အချို့သော အုပ်စုများသည် ကုမ္ပဏီခွဲများဖြင့် ရှင်းလင်းသောဥပဒေကြောင်းအရ ဖွဲ့စည်းတည်ဆောက်ပုံတစ်ရပ်ရှိသည်။ အချို့အုပ်စုများသည် အုပ်စုတစ်ခုအဖြစ် အများသိထားသည့် လျော့ရဲရဲ ဖွဲ့စည်းမှုရှိကြသော်လည်း ဥပဒေကြောင်းအရ ခိုင်မာသည့်ဖွဲ့စည်းပုံမရှိကြပေ။ ကုမ္ပဏီများတွင် ယေဘုယျကျသော အဓိက ရှယ်ယာရှင်တစ်ဦးရှိသော်လည်း ကွဲပြားခြားနားသော လုပ်ငန်းကဏ္ဍများတွင် လုပ်ကိုင်နေပြီး ယင်းတို့သည် ကွဲပြားသောလုပ်ငန်းများအဖြစ် စီမံခန့်ခွဲပြီး ငွေစာရင်း ထားရှိကြပုံပေါ်သဖြင့် ယခုနှစ်လေ့လာမှုတွင် သီးခြားခွဲထုတ်ပြီး လေ့လာခဲ့သည်။[၂၅] သို့သော်လည်း အုပ်စုများနှင့် ၎င်းတို့၏ ဖွဲ့စည်းတည်ဆောက်ပုံများနှင့် ပတ်သက်ပြီး ပွင့်လင်းမြင်သာမှုမရှိသဖြင့် ကုမ္ပဏီ၏ အဖွဲ့အစည်းဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံများနှင့်ပတ်သက်ပြီး ရှင်းလင်းမှုအတွက် ဆက်သွယ်မေးမြန်းသည့်အခါ အချို့ကုမ္ပဏီများက ပြန်လည်ဖြေကြားခြင်းမရှိသဖြင့် လေ့လာမှုအတွက် အုပ်စုတစ်ခုကို ရှာဖွေ

................................................................

၂၃။ www.globalreporting.org

၂၄။ http://www.shiftproject.org/project/human-rights-reporting-and-assurance-frameworks-initiative-rafi

၂၅။ ယခုမေးခွန်းတွင် သီးခြားခွဲပြီး ဆန်းလေ့လာခဲ့သည့်ကုမ္ပဏီများမှာ မက်စ်မြန်အုပ်စုနှင့် ဧရာဘဏ်(ဦးဇော်ဇော်က ရှယ်ယာအများဆုံးပိုင်) နှင့် ဦးသိန်းထွန်းက အဓိကပိုင်သော Myanmar Golden Star၊ ထွန်းဖောင်ဒေးရှင်းဘဏ်နှင့် Myanmar Consolidated Media(မြန်မာတိုင်းမ်ကိုပိုင်သော) တို့ ဖြစ်ကြသည်။

ဖော်ထုတ်ရန် ယခုနှစ်အစီရင်ခံစာတွင် အသုံးပြုသည့်နည်းလမ်းသည် တစ်ထပ်တည်းကျမည် မဟုတ်ပေ။ ကုမ္ပဏီ ဖွဲ့စည်းတည်ဆောက်ပုံနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ပိုမိုရရှိလာသည့်အခါတွင် အနာဂတ်ကာလ၌ ယင်းကို ပြန်လည်ပြင်ဆင်သွားရန် MCRB က ကြိုးပမ်းသွားမည်ဖြစ်သည်။

## ဝဘ်ဆိုဒ်ရှိသည့် ကုမ္ပဏီခွဲများ

ကုမ္ပဏီခွဲများသည် ယေဘုယျအားဖြင့် ၄င်းတို့၏မိခင်ကုမ္ပဏီ သို့မဟုတ် အုပ်စုအောက်တွင် အစုလိုက်ရှိကြသည်။ ၂၀၁၄ တွင် ဆောင်ရွက်ခဲ့သကဲ့သို့ပင် ဝဘ်ဆိုက်လေ့လာမှုအတွက် ပဓာနကျသော ရည်ညွှန်းချက်အဖြစ် အုပ်စု၏ဝဘ်ဆိုဒ်ကို အသုံးပြုခဲ့သည်။ သို့သော်လည်း ယခုနှစ်တွင်မူ အုပ်စုဝဘ်ဆိုဒ်မရှိသည့် ကုမ္ပဏီများအတွက်မူ ကုမ္ပဏီခွဲဝဘ်ဆိုဒ်များကို ထည့်သွင်းလေ့လာ အမှတ်ပေးခဲ့သည်။ သက်ဆိုင်သည့် သတင်းအချက်အလက်များတွေ့ရှိသည့်အခါ အခြားကုမ္ပဏီခွဲများက ယင်းမူဝါဒများကို ကျင့်သုံးခြင်းမရှိဟူသော ယူဆချက်ဖြင့် မျှပြီး အမှတ်ပေးသည့်စနစ်အရ ယင်းဝဘ်ဆိုဒ်များကို အမှတ်ပေးသည်။ ထိုသို့ အမှတ်ပေးခဲ့ရခြင်းကြောင့် ယင်းတို့၏အုပ်စုတွင် ကုမ္ပဏီတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ကုမ္ပဏီများတွင် ဝဘ်ဆိုဒ်ရှိရုံမျှဖြင့် အမှတ်ပေးဇယားတွင် ၂၀၁၄ ၌ အမှတ်မရသည့် ကုမ္ပဏီအချို့ ရှိခဲ့ခြင်းဖြစ်သည်။[၂၆]

## ကုမ္ပဏီများနှင့် ဆက်သွယ်ခြင်း

ကုမ္ပဏီများကို အဆင့်များအချို့တွင် ဆက်သွယ်ခဲ့သည်။ မတ်လတွင် ကုမ္ပဏီအသီးသီး၏ ရုံးချုပ်များသို့ မိတ်ဆက်စာများပေးပို့ခဲ့ပြီး ဆက်သွယ်ရန် အီးမေးလ်ပ်စာ သို့မဟုတ် MCRB နှင့် လူပုဂ္ဂိုလ်ချင်းသိသည့် ကုမ္ပဏီရှိ ပုဂ္ဂိုလ်များထံသို့ အီးမေးလ်လည်း ပို့ခဲ့သည်။ စာများသည် MCRB က သုတေသနကို စတင်ပြုနေပြီးဖြစ်ကြောင်းနှင့် စီမံချက်၏ အပိုင်းအသီးသီးအတွက် နောက်ဆုံးသတ်မှတ်ရက်များအား ကုမ္ပဏီများသို့ အကြောင်းကြားခြင်းဖြစ်သည်။

ကုမ္ပဏီဝဘ်ဆိုဒ်များကို သုတေသနပြုလုပ်ပြီးနောက် မေလ ပထမပတ်တွင် ကုမ္ပဏီများသို့ အမှတ်ပေးခြင်း လမ်းညွှန်နှင့်အတူ ကနဦးရမှတ်များ ပေးပို့ခဲ့သည်။ ရမှတ်များသည် ၂၀၁၅ ဖွန်လကုန်တွင် ဝဘ်ဆိုဒ်တွင်တွေ့ရှိသည့် အချက်များအပေါ် အခြေခံထားကြောင်း ကုမ္ပဏီများကို အကြောင်းကြားခဲ့သည်။ ကိစ္စရပ်များကို ရှင်းလင်းရန်၊ ဖော်ပြထားသည့် သီးခြားအချက်အလက်များကျန်နေလျှင် အသိပေးရန်၊ ဝဘ်ဆိုဒ်များတွင် သတင်းအချက်အလက်သစ်များ တင်ရန်နှင့် တိုးချဲ့ရန်တို့အတွက် MCRB နှင့် ဆက်သွယ်ဆောင်ရွက်ရန် ၄င်းတို့အား တိုက်တွန်းခဲ့သည်။ ၂၀၁၄ တွင် ဖြစ်သကဲ့သို့ပင် ဝဘ်ဆိုဒ်မရှိခြင်းကြောင့် အချို့သောကုမ္ပဏီများနှင့် မိမိတို့ ဆက်သွယ်နိုင်မှုတွင် အဟန့်အတားဖြစ်ခဲ့ရပြီး အားကိုးထိုက်သော အဆက်အသွယ် သတင်းအချက်အလက်များဖြင့်သာ အသုံးပြုခဲ့ရသည်။ ကုမ္ပဏီများတွင် ဝဘ်ဆိုဒ်တစ်ခုရှိသည့်တိုင် ပွင့်သစ်စ စီမံချက်နှင့်ပတ်သက်သော သတင်းအချက်အလက်များသည် သက်ဆိုင်ရာ မန်နေဂျာများထံသို့ ရောက်ပုံမပေါ်ပေ။ အချို့ကုမ္ပဏီများတွင် ယင်းသို့သောစီမံချက်များကို ကိုင်တွယ်ရန် ကော်ပိုရိတ်ဌာန မရှိခြင်းကြောင့် မရောက်ရှိကြပေ။

---

၂၆။ ကုမ္ပဏီခွဲများ၏ ဝဘ်ဆိုဒ်ရှိခြင်းကြောင့် ဒေင်အုပ်စု(မြန်မာ့ရေနံဆောင်ဘဏ်နှင့် ဒေင်ဟိုတယ်များ)၊ International Group of Entrepreneurs (IGE) (ဟိုတယ်အမရ)၊ KY KyawKyaw (Steel King Co)၊ မြန်မာ့စီးပွားရေးဦးပိုင် (မြဝတီရောင်းဝယ်ရေး)၊ ယုဇနအုပ်စု (ယုဇနဟိုတယ်) တို့အား ပျမ်းမျှ အမှတ်များပေးခဲ့သည်။

သို့သော်လည်း ကုမ္ပဏီ ၂၀ ကျော်အား[၂၇] MCRB ဝန်ထမ်းက လူကိုယ်တိုင် ဆက်သွယ်ခြင်း သို့မဟုတ် လက်ခံရရှိကြောင်းစာကို MCRB သို့ဆက်သွယ်ပေးပို့ခြင်း တစ်နည်းနည်းကို ပြုလုပ်ခဲ့ကြသည်။ ကုမ္ပဏီများစွာသည် တုံ့ပြန်မှုအဖြစ် ၎င်းတို့၏ ဝဘ်ဆိုဒ်များတွင်း သတင်းအချက်အလက်အများအပြားကို တင်ခဲ့ကြသည်။ အချို့ကုမ္ပဏီများကမူ အမှတ်ပေးမှုတွင် မပါဝင်လိုကြောင်း MCRB သို့ ဆက်သွယ်ပြောကြားခဲ့သည်။ သို့တိုင် ကုမ္ပဏီရွေးချယ်ရာတွင် အခွန်ထမ်းစာရင်းကို အသုံးပြုပြီး အရွယ်အစားအပေါ် အခြေခံခဲ့သဖြင့် MCRB ၏ သုတေသနနည်းလမ်းအရ ဖယ်ထားရန်မဖြစ်နိုင်ချေ။

## အရှိတရားစစ်ဆေးမှုများ

ယခုသုတေသန၏ စနစ်တကျဆောင်ရွက်ပုံအဆင့်ဆင့်ဆိုင်ရာ အဓိကအားနည်းချက်မှာ ကျန်းမာရေး၊ လုံခြုံစိတ်ချရမှုနှင့် သဘာဝပတ်ဝန်းကျင် (HSE)၊ လူ့အခွင့်အရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကုမ္ပဏီ၏ စွမ်းဆောင်မှုများအား တိုင်းတာမှု မပြုလုပ်နိုင်ခြင်းပင်ဖြစ်သည်။ ယခုနည်းတွင် ကုမ္ပဏီဝဘ်ဆိုဒ်အသီးသီးတွင် ထုတ်ပြန်ထားသည့် သတင်းအချက်အလက်များ၏ ပမာဏကိုသာ တိုင်းတာနိုင်သည်။ ထုတ်ပြန်ထားသည့် သတင်းအချက်အလက်များ၏ တိကျမှုကို စစ်ဆေးခြင်း သို့မဟုတ် ဖော်ပြထားသည့် မူဝါဒများနှင့် စံချိန်စံညွှန်းများကို ကုမ္ပဏီတွင်း၌လည်းကောင်း၊ ကုမ္ပဏီပြင်ပ၌လည်းကောင်း ကုမ္ပဏီက မည်သို့အသုံးပြုနေသနည်းဆိုသည်ကို လေ့လာဆန်းစစ်ရန် MCRB က မပြုလုပ်နိုင်ခဲ့ပေ။ သို့သော်လည်း ၎င်းတို့၏ ဝဘ်ဆိုဒ်များတွင် ယင်းကိစ္စရပ်များကို ကုမ္ပဏီများက ကိုင်တွယ်ဖြေရှင်းနေပြီး ယင်းသို့သော မူဝါဒများသည် ၎င်းတို့အတွက် အရေးကြီးမှုကို အသိအမှတ်ပြုခဲ့ကြသည်ဟု မိမိတို့က စတင်ယူဆသည်။ ထို့ပြင် ယင်း၏ လုပ်ငန်းများ၊ကတိကဝတ်များနှင့် ပတ်သက်ပြီး ပွင့်လင်းမြင်သာသည့် ကုမ္ပဏီသည် ယင်းအင်အားကြောင့် ကတိကဝတ်များများကို တာဝန် ယူ၊မယူကို ကုမ္ပဏီနှင့် သက်ဆိုင်ပတ်သက်သူများ၊ အရပ်ဘက်အဖွဲ့အစည်းများက အသိမှတ်ပြုနိုင်ပြီး လက်တွေ့တွင် ပိုမိုကောင်းမွန်သော စွမ်းဆောင်ရည်တစ်ခုဆီသို့ ရောက်ရှိမည်ဖြစ်သည်။

သို့တိုင် ယင်းစိုးရိမ်ပူပန်မှုများကို ဖြေရှင်းရန်မှာ ဆွဲဆောင်မှုရှိသော ရုံးချုပ်မူဝါဒများကို ရေးဆွဲထုတ်ပြန်ပြီး လက်တွေ့တွင် အကောင်အထည်ဖော်ခြင်းမရှိသည့် ကုမ္ပဏီများအတွက် ယခုနှစ်တွင် MCRB က အပြောင်းအလဲနှစ်ခုကို ပြုလုပ်ထားသည်။ ပထမအပြောင်းအလဲမှာ အစီရင်ခံစာ၏ အပိုင်း ၃(လူ့အခွင့်အရေး၊ မြေယာ၊ HSE ၊ သက်ဆိုင်ပတ်သက်သူထိတွေ့ဆက်ဆံမှု)ရှိ မေးခွန်းများကိုပြုစုရာတွင် အကောင်အထည်ဖော်ခြင်းဆိုင်ရာ အစီရင်ခံခြင်းကို ပိုမိုအလေးထား ပေါင်းစပ်ထည့်သွင်းထားခြင်းဖြစ်သည်။

ဒုတိယအပြောင်းအလဲမှာ အရှိတရားစစ်ဆေးမှုတစ်ရပ်အဖြစ် အများပြည်သူထံမှ အထူးသဖြင့် အရပ်ဘက်အဖွဲ့အစည်းများထံမှ ကုမ္ပဏီ ၁၀၀ နှင့်ပတ်သက်သော ထင်မြင်ချက်များနှင့် အသေးစိတ်ကျသော နစ်နာမှုများကို ရယူရန်ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ ဖေဖော်ဝါရီ ၂၄ တွင် ကျင်းပခဲ့သော စီအက်စ်အိုများနှင့်တွေ့ဆုံပွဲတွင် မှတ်ချက်များပေးရန် ဖိတ်ခေါ်ခဲ့သည်။ အကြံပြုချက်ပေးရေးနည်းလမ်းကို သတင်းစာရှင်းလင်းပွဲ ပြုလုပ်သည့်အချိန်တွင် ကြေညာခဲ့ပြီး အကြံပြုလွှာများကို MCRB

---

[၂၇]။ အေဝမ်း ကုမ္ပဏီအုပ်စု၊ Asia Metal Construction (Moattama Holdings ဟု အမည်ပြောင်းခြင်းကို မိမိတို့အား အကြောင်းကြား – Asia Metal Company Ltd သည် ၂၀၁၃ ဒီဇင်ဘာတွင် US SDN စာရင်းတွင် ထည့်သွင်းခံခဲ့ရသည်)၊ ရှောဘဏ်၊ Capital Diamond Star Company၊ City Mart Holdings Limited၊ ဒေ့ဒင်၊ အီလဲဗင်းမီဒီယာ၊ Farmer Phoyarzar၊ Gold Uni၊ ထူး၊ IGE၊ ကောဘီဇက်၊ မြန်မာသြဘာ၊ မက်စ်မြန်မာ၊ MPRL၊ Myanmar Consolidated Media Holdings၊ MDG၊ Parami Energy၊ Pinya Manufacturing၊ SPA၊ ရွှေတောင်၊ SMART၊ ထွန်းဖောင်ဒေးရှင်းဘဏ်၊ UPG၊ Zawgyi Premier။

ဝဘ်ဆိုဒ်တွင် လွှင့်တင်ထားခဲ့သည်။ သို့သော်လည်း စီအက်စ်အိုများထံမှ အသေးစိတ်ကျသော အကြံပြုချက် အရေအတွက် အလွန်အနည်းငယ်သာ လက်ခံရရှိခဲ့သည်။ ၂၀၁၁ နောက်ပိုင်း မီဒီယာဖော်ပြချက်များနှင့် အခြားအများပြည်သူသိ ဝေဖန်မှုများ ကိုလည်း MCRB က လေ့လာခဲ့သည်။ ၎င်းတို့၏ ဝဘ်ဆိုင်များနှင့်ပတ်သက်ပြီး ထွက်ပေါ်လာသည့် အချက်များကို မှတ်ချက် ပြုရန် သို့မဟုတ် ဖြေရှင်းရန် ကုမ္ပဏီများထံသို့ ဇွန်လတွင် ဖြစ်နိုင်သမျှပေးပို့ခဲ့သည်။ ၎င်းတို့ကို နောက်ဆက်တွဲတွင် ဖော်ပြ ထားသည်။

## အမှတ်ပေးခြင်း

အမှတ်ပေးခြင်း စနစ်တကျလုပ်ဆောင်ပုံအဆင့်ဆင့်သည် နိုင်ငံတကာ ပွင့်လင်းမြင်သာမှုအဖွဲ့၏ နည်းလမ်းကို ပြန်ပြင် သုံးထားခြင်းဖြစ်သည်။ မေးခွန်း ၂၅ ခုအတွင် မေးခွန်းတစ်ခုစီလျှင် ဝဘ်ဆိုဒ်တွင်ဖော်ပြထားသည့် သတင်းအချက်အလက် ပမာဏအပေါ်မူတည်ပြီး ၁၊ ၀.၅ သို့မဟုတ် ၀ မှတ်ပေးသည်။ (နောက်ဆက်တွဲတွင် ရှုပါ)။ အကယ်၍ မေးခွန်းတစ်ခုသည် အဖွဲ့အစည်းနှင့် မဆီလျော်လျှင် မသက်ဆိုင်ဟုပေးထားပြီး အမှတ်များရေတွက်ရာတွင်လည်း ထည့်သွင်းတွက်ချက်ခြင်း မပြု ပါ။ အမှတ်ကို စံသတ်မှတ်ချက်အမှတ်အဖြစ် အများဆုံး ၁၀ ပေးရန် အပိုင်းအသီးသီးမှရရှိလာသည့် အမှတ်များ၏ ပျမ်းမျှကို တွက်ချက်ခြင်းဖြင့် ပျမ်းမျှအမှတ်ရရှိလာသည့်အပေါ် ၀ မှ ၁၀ အထိ ပြန်ပေးခြင်းဖြစ်သည်။ နိုင်ငံတကာ ပွင့်လင်းမြင်သာမှုအဖွဲ့၏ စနစ်တကျ လုပ်ဆောင်ပုံအဆင့်ဆင့်နှင့် အလားတူပင်ဖြစ်သည်။ အပိုင်းအသီးသီးအတွက် အမှတ်များများ ရရှိခြင်းသည် ကုမ္ပဏီ၏ တရားဝင်ဝဘ်ဆိုဒ်တွင် သက်ဆိုင်ရာ သတင်းအချက်အလက်များများ ထုတ်ပြန်ထားခြင်းကြောင့်ဖြစ်သည်။

# ရလဒ်များ

## ခြုံငုံသုံးသပ်ချက်

ယေဘုယျအားဖြင့် ခြုံကြည့်လျှင် ၂၀၁၄ တွင် ပွင့်လင်းမြင်သာမှုအရှိခဲ့ဆုံး ကုမ္ပဏီများသည် ၂၀၁၅ တွင်လည်း ထုတ်ဖော်ပြမှုများ ပြုလုပ်ခဲ့ပြီး ၎င်းတို့၏ ပွင့်သစ်စရမှတ်လည်း တိုးလာခဲ့သည်။ ယမန်နှစ်က ထိပ်တန်းကုမ္ပဏီ ၁၀ ခုနီးပါး သည် ယခုနှစ်တွင်လည်း ထိပ်တန်း ၁၀ ခုတွင် ပါဝင်လာသော်လည်း အမှတ်စဉ်ပြောင်းသွားသည်။ ပွင့်လင်းမြင်သာမှု အရှိဆုံး ကုမ္ပဏီဖြစ်ရန် ယင်း ခေါင်းဆောင်မှုအုပ်စုကြားပြိုင်ပွဲသည် အကြိတ်အနယ် ရှိလှသည်။ ၂၀၁၄ တွင် ဦးဆောင်ခဲ့သည့် ပါရမီကဲ့သို့သော ကုမ္ပဏီများသည် ယခုနှစ်စာရင်းတွင် အမှတ်စဉ် ကျသွားခဲ့သော်လည်း ယင်းတို့၏ ပွင့်လင်းမြင်သာမှု ကျသွားခဲ့ခြင်း မဟုတ်ပေ။ တကယ်တမ်း၌ ယေဘုယျအားဖြင့်ကြည့်လျှင် ယင်းတို့သည်လည်း တိုးတက်လာခဲ့သည်။ သို့သော် အခြားကုမ္ပဏီများ အထူးသဖြင့် SPA/Yoma ကုမ္ပဏီသည် အားထုတ်မှုကြီးကြီးမားမား ပြုလုပ်ခဲ့သဖြင့် အားထုတ်မှုအလျောက် အမှတ်စဉ် ပြောင်းသွားခဲ့ခြင်းဖြစ်သည်။

၂၀၁၅ တွင် အမှတ်အများဆုံးရရှိသည့် ကုမ္ပဏီများမှာ Serge Pun and Associates(SPA)၊ မက်စ်မြန်မာနှင့် ကေဘီဇက် အုပ်စုတို့ ဖြစ်ကြသည်။ ၎င်းတို့၏ အထူးအားသာချက်များကို အောက်ပါအပိုင်းတွင် အသေးစိတ်ဖော်ပြထားသည်။ SPA သည် ၂၀၁၄ တွင် အဆင့် ၉ ရှိခဲ့ရာမှ ၂၀၁၅ တွင် အဆင့် ၁ သို့ ရောက်ရှိလာခြင်းမှာ ဝဘ်ဆိုဒ်တွင် အချက်အလက်သစ်များ သိသိသာသာ တင်ခြင်းကြောင့်သာမဟုတ်ဘဲ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝစီမံခန့်ခွဲမှုစနစ်များကြောင့်လည်း ဖြစ်သည်။ SAP/Yoma သည် ရိုးမဘဏ်အား ဘဏ္ဍာရေးအထောက်အပံ့နှင့် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်နေသော နိုင်ငံတကာ ဘဏ္ဍာရေး ကော်ပိုရေးရှင်း(IFC) ထံမှ အကြံပေးမှုများရရှိခဲ့ခြင်းနှင့် Landmark Myanmar စီမံချက်တို့၏ အကျိုးကျေးဇူးကိုခံစားရခြင်းဖြစ် သည်။ စင်ကာပူစတော့ခ်အိတ်ချိန်းတွင် စာရင်းသွင်းထားသည့် Yoma Strategic သည် အာဆီယံ ကော်ပိုရိတ်အုပ်ချုပ်မှု အမှတ်ပေးဇယား ၂၀၁၄[၂၈] တွင်လည်း ပမာဏအကြီးမားဆုံး စင်ကာပူစတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီ ၁၀၀ တွင် အဆင့် ၁၈ အဖြစ် အသိအမှတ်ပြုလည်း ခံထားရသည်။ သို့သော်လည်း ပွင့်သစ်စစီမံချက်သည် စင်ကာပူစတော့ဈေးကွက်၏ အစီရင် ခံရေး လိုအပ်ချက်များထက် စံသတ်မှတ်ချက်များ ပိုမိုမြင့်မားစွာ ချမှတ်ထားသည်။

................................................................

၂၈။ http://www.yomastrategic.com/attachment/2015050609355017_en.pdf

**ရလဒ်ဇယား**

ဦးဆောင်အုပ်စုများ၏အောက်တွင် ပြီးခဲ့သည့် ၁၂ လအတွင်း ပွင့်လင်းမြင်သာမှုတိုးတက်ရန် လုပ်ဆောင်မှု အနည်းငယ်သာပြုလုပ်ခြင်း သို့မဟုတ် လုံးဝမပြုလုပ်ခြင်းများရှိခဲ့ကြပြီး အချို့ကုမ္ပဏီများသည် ဝဘ်ဆိုဒ်ပင်လွှင့်တင် ထားခြင်းမရှိကြသေးပေ။ ဒေင်(ဟီလ်တန်)၊ ပင်းယကုန်ထုတ်လုပ်ရေး(ကိုကာကိုလာ)နှင့် IGE (Petronas) တို့ကဲ့သို့သော နိုင်ငံတကာမိတ်ဖက်များရှိသည့် ကုမ္ပဏီအချို့တွင် အုပ်စုဝဘ်ဆိုဒ်များမရှိကြပေ။ ဝဘ်ဆိုဒ်ရှိသည့် အခြားကုမ္ပဏီများသည်လည်း သတင်းအချက်အလက် အနည်းငယ်သာရှိကြပြီး အထူးသဖြင့် ၎င်းတို့၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအစီအစဉ် များတွင်ဖြစ်သည်။ ယင်းတို့တွင် မြန်မာအရှေ့တိုင်းဘဏ် (IFC)၊ IBTC(Heineken)၊ Myanmar Golden Star(Carlsberg)၊ Myanmar Distribution Group(Nestle)၊ စိန်ဝတ်မှုန်(BAT) တို့ဖြစ်ကြသည်။ နိုင်ငံတကာကုမ္ပဏီများ၏ လူ့အခွင့်အရေးဆိုင်ရာ ကြိုတင်သိမြင်ရန်စစ်ဆေးခြင်း၊ ထိခိုက်စေသော အကြောင်းများအား ကြိုတင်တာဆီးခြင်းလုပ်ငန်းများ(Due Deligence) ကို ကျော်ဖြတ်ပြီး မိတ်ဖက်အဖြစ်ထူထောင်ရန်မှာ မြန်မာကုမ္ပဏီများသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်ပတ်သက်ပြီး ဖြည့်ဆည်းဆောင်ရွက်မှုများနှင့် ထိန်းချုပ်မှုများကို မလွဲမသွေပြုလုပ်ရန်လိုအပ်ပြီး ယင်းတို့ကိုလည်း အများပြည်သူသိအောင် ထုတ်ပြန်ရမည်ဖြစ်သည်။ နိုင်ငံတကာကုမ္ပဏီများကလည်း မိမိတို့၏ မြန်မာမိတ်ဖက်များအား အပိုင်း ၃ အပါအဝင် အခြားနယ်ပယ်များတွင် ပွင့်လင်းမြင်သာမှုပိုမိုရှိလာအောင် ၎င်းတို့အတွေ့အကြုံများကို မျှဝေခြင်းနှင့် တိုက်တွန်းအားပေးခြင်းများပြုလုပ်ကြမည်ဟု MCRB က မျှော်လင့်ထားသည်။

သတင်းအချက်အလက်များ ထုတ်ပြန်ခြင်းနှင့်ပတ်သက်ပြီး ဦးဆောင်နေရာတွင်ရှိမည်ဟု မျှော်လင့်ရမည့် မီဒီယာကုမ္ပဏီများသည်လည်း ၎င်းတို့၏ ကော်ပိုရိတ်ပွင့်လင်းမြင်သာမှုကို တိုးမြှင့်ရနိုင်မည်ဖြစ်သည်။ ရွှေသံလွင်သည် ဝဘ်ဆိုဒ်မရှိဘဲ ဆက်လက်ရှိနေမြဲဖြစ်ပြီး Myanmar Consolidated Media နှင့် Eleven မီဒီယာတို့သည်လည်း ကော်ပိုရိတ် သတင်းအချက်အလက် ပမာဏ အနည်းငယ်သာ ဖော်ပြထားသည်။

ဝဘ်ဆိုဒ်လွှင့်တင်လာကြသည့် ကုမ္ပဏီရာခိုင်နှုန်း အနည်းငယ်တိုးပွားလာခဲ့သည်။ ယမန်နှစ်က ဝဘ်ဆိုဒ်မရှိသည့်ကုမ္ပဏီ ၅ ခု[၂၉] သည် ယခုနှစ်တွင် ဝဘ်ဆိုဒ်များရှိလာကြသည်။ လေ့လာခဲ့သည့် ကုမ္ပဏီ ၁၀၀ ခုအနက် ၆၂ ကုမ္ပဏီ တွင် ဝဘ်ဆိုဒ်များရှိလာကြပြီး ကုမ္ပဏီငါးခုသည် အချို့သောကုမ္ပဏီခွဲများအတွက် ဝဘ်ဆိုဒ်များရှိသဖြင့် အမှတ်မျှပေးသည့်စနစ်ကို ကျင့်သုံးခဲ့ရသည်။ (အောက်ခြေမှတ်စု ၂၅ ကို ရှုပါ)။ ထို့ပြင် ယင်းတို့အနက် ကုမ္ပဏီတစ်ခုသည် ဝဘ်ဆိုဒ်တည်ဆောက်ဆဲဖြစ်ပြီး သတင်းအချက်အလက် မရှိသဖြင့်[၃၀] အမှတ် သုညသာ ပေးခဲ့ရသည်။ စစ်တပ်ပိုင်ကုမ္ပဏီနှစ်ခုအနက် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းသည် ၎င်းတို့ထံလာရောက်ကြသူများကို ၎င်း၏ စီးပွားရေးလုပ်ငန်းနှင့် ဖွဲ့စည်းတည်ဆောက်ပုံများကို စာရွက်ဖြင့်ရယူနိုင်အောင်စီစဉ်ထားသည်။ သို့သော် ဝဘ်ဆိုဒ်မရှိသဖြင့် ရမှတ် သုညကိုသာ ဆက်လက်ပေးထားသည်။ မြန်မာ့စီးပွားရေး ဦးပိုင်အား ယခုနှစ်အတွက် မြဝတီကုန်သွယ်ရေးဝဘ်ဆိုဒ်အတွက် အမှတ်ပေးခဲ့သော်လည်း ယင်းနှင့်ပတ်သက်သော သတင်းအချက်အလက်များ မရရှိခဲ့ပေ။

ပွင့်လင်းမြင်သာမှုအရှိဆုံး ကုမ္ပဏီများစွာအပါအဝင် ကုမ္ပဏီများစု၏ ဝဘ်ဆိုဒ်များတွင် အထူးသဖြင့် ကော်ပိုရိတ် အုပ်ချုပ်မှု သတင်းအချက်အလက်များကို အင်္ဂလိပ်ဘာသာဖြင့်သာ ဖော်ပြထားသည်။ အချို့ကုမ္ပဏီများကမူ မြန်မာဘာသာ

..............................................................

၂၉။ အေးရှားဝေါလ်၊ မြန်မာ့သြဘာအုပ်စု၊ New Day Energy၊ OK Group နှင့် ရသာချို။
၃၀။ မြတ်နိုးသူကုမ္ပဏီ

| ကုမ္ပဏီ အမည် | ၂၀၁၅ အဆင့် | ၂၀၁၄ အဆင့် | အဂတိလိုက်စားမှု တိုက်ဖျက်ရေး အစီအစဉ်ရမှတ် | အဖွဲ့အစည်းဆိုင်ရာ ပွင့်လင်းမြင်သာမှု ရမှတ် | HSE ရမှတ် | ရမှတ် စုစုပေါင်း | UNGC အဖွဲ့ဝင် | မီဒီယာ / အရပ်ဘက် အဖွဲ့အစည်း အကြံပြုချက် |
|---|---|---|---|---|---|---|---|---|
| Serge Pun and Associates Group | 1 | 9 | 2.95 | 3.33 | 3 | 9.28 | Active | ✓ |
| Max Myanmar Group of Companies | 2 | 3 | 2.95 | 3.12 | 3.16 | 9.23 | Active (Max Energy) | ✓ |
| KBZ (Kambawza) Group of Companies | 3 | 1 | 3.07 | 2.5 | 2.5 | 8.07 | Active | |
| City Mart Holdings Company Ltd. (CMHL) | 4 | 7 | 2.69 | 2.22 | 2.83 | 7.74 | Active | |
| SMART Technical Services | 5 | 6 | 2.95 | 2.08 | 2.33 | 7.36 | | |
| Parami | 6 | 2 | 2.69 | 2.08 | 2.16 | 6.93 | Active | |
| Shwe Taung | 7 | 4 | 2.18 | 1.25 | 3.16 | 6.59 | Active | |
| MPRL E&P | 8 | 5 | 1.54 | 2.08 | 2.5 | 6.12 | | |
| AYA Bank | 9 | NA | 0.77 | 2.5 | 0.93 | 4.2 | | |
| Dagon Group of Companies | 10 | 8 | 1.02 | 1.39 | 1.33 | 3.74 | Active | ✓ |
| KMD Co., Ltd. | 11 | 12 | 1.41 | 0.69 | 1.33 | 3.43 | | |
| Asia World Group of Companies | 12 | 37 | 2.04 | 0 | 0.5 | 2.55 | Active | ✓ |
| Golden Key Group of Companies (Mikko Group) | 13 | NA | 0 | 1.67 | 0.17 | 1.84 | | |
| Myanmar Citizen Bank | 14 | NA | 0 | 1.46 | 0.33 | 1.79 | | |
| MK Group | 15 | 10 | 0 | 1.39 | 0.17 | 1.56 | | |
| Capital Diamond Star Company Limited | 16 | 18 | 0 | 1.11 | 0.17 | 1.28 | | |
| KMA Group of Companies | 17 | 11 | 0 | 1.11 | 0.17 | 1.28 | | ✓ |
| Myanmar Golden Star | 18 | 13 | 0 | 1.11 | 0.17 | 1.28 | | ✓ |
| United Paints Group | 19 | 31 | 0 | 1.11 | 0.17 | 1.28 | Advanced | |
| Dawn (Ah Yone Oo) Construction | 20 | NA | 0 | 1 | 0.17 | 1.17 | | |
| Myan Shwe Pyi Tractors | 21 | NA | 0 | 0.83 | 0.33 | 1.16 | | |
| Apex Gas and Oil Public Limited | 22 | NA | 0 | 0.56 | 0.33 | 0.89 | | |
| Myanmar Distribution Group | 23 | 19 | 0 | 0.56 | 0.33 | 0.89 | | |
| Ta Gaung Bwar | 24 | 26 | 0 | 0.7 | 0.17 | 0.87 | | |
| ACE Group of Companies | 25 | 14 | 0 | 0.83 | 0 | 0.83 | | |
| Sein Wut Hmon | 26 | NA | 0 | 0.56 | 0.17 | 0.73 | | ✓ |
| Sin Phyu Kyun | 27 | NA | 0 | 0.56 | 0.17 | 0.73 | | |
| TZTM | 28 | 20 | 0 | 0.56 | 0.17 | 0.73 | | |
| Eleven Media Group | 29 | 21 | 0 | 0.56 | 0.17 | 0.73 | | |
| Tun Foundation Bank | 30 | NA | 0 | 0.42 | 0.19 | 0.61 | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| Myanmar Oriental Bank | 31 | NA | 0 | 0.42 | 0.17 | 0.59 | | |
| New Day Energy | 32 | 51 | 0 | 0.42 | 0.17 | 0.59 | | |
| A1 Group of Companies | 33 | 17 | 0 | 0.56 | 0 | 0.56 | | ✓ |
| Asia Myanmar Business Organization (AMBO) | 34 | NA | 0 | 0.56 | 0 | 0.56 | | ✓ |
| Myanmar Shwe Tharaphu (MGC) | 35 | NA | 0 | 0.28 | 0.19 | 0.47 | | |
| Loi Hein | 36 | 22 | 0 | 0.28 | 0.17 | 0.45 | | |
| Myanma Awba Group | 37 | 46 | 0 | 0.28 | 0.17 | 0.45 | | |
| Naing Group of Companies | 38 | 24 | 0 | 0.28 | 0.17 | 0.45 | | |
| Super One International | 39 | 25 | 0 | 0.28 | 0.17 | 0.45 | | |
| Myanmar Consolidated Media Holdings | 40 | 34 | 0 | 0 | 0.33 | 0.33 | | |
| Htoo Group of Companies | 41 | 32 | 0 | 0.14 | 0.17 | 0.31 | Active (AGD Bank, Apex Petrollum) | ✓ |
| Original Group | 42 | 27 | 0 | 0.14 | 0.17 | 0.31 | | |
| Zaw Gyi Premier | 43 | 30 | 0 | 0.14 | 0.17 | 0.31 | | |
| Aung Kan Bo | 44 | NA | 0 | 0.28 | 0 | 0.28 | | |
| International Beverages Trading Co., Ltd. (IBTC) | 45 | NA | 0 | 0.28 | 0 | 0.28 | | |
| Myat Eaindray Group of Companies | 46 | NA | 0 | 0.28 | 0 | 0.28 | | |
| OK Group | 47 | NA | 0 | 0.28 | 0 | 0.28 | | |
| KY Kyaw Kyaw Business Group | 48 | NA | 0 | 0.14 | 0.08 | 0.22 | | |
| Nawng Tung Hotels Group | 49 | NA | 0 | 0 | 0.17 | 0.17 | | |
| Ya Thar Cho Industries | 50 | 58 | 0 | 0 | 0.17 | 0.17 | | |
| AA Group of Companies | 51 | NA | 0 | 0.14 | 0 | 0.14 | | |
| Eden Group of Companies | 52 | 42 | 0 | 0.03 | 0.03 | 0.06 | | ✓ |
| Union of Myanmar Economic Holdings (UMEHL) | 53 | 55 | 0 | 0.02 | 0.02 | 0.04 | | |
| International Group of Entrepreneurs (IGE) | 54 | 45 | 0 | 0 | 0.03 | 0.03 | | ✓ |
| Yuzana Group of Companies | 55 | 59 | 0 | 0 | 0.03 | 0.03 | | ✓ |
| ESI Food | 56 | NA | 0 | 0 | 0 | 0 | | |
| Farmer Phoyarzar Company Limited | 57 | NA | 0 | 0 | 0 | 0 | | |
| Global Treasure Bank (MFLB) | 58 | NA | 0 | 0 | 0 | 0 | | |
| Myat Noe Thu | 59 | NA | 0 | 0 | 0 | 0 | | |
| New Golden Gate 1991 Co., Ltd. | 60 | NA | 0 | 0 | 0 | 0 | | |
| Super Seven Stars | 61 | 35 | 0 | 0 | 0 | 0 | | |

**ဝဘ်ဆိုဒ်မရှိသော ကုမ္ပဏီများစာရင်း**

Asia Metal construction
Aung Chan Thar Construction and Service
Aya Jade
Ayer ShweWah
AyeyarYadanar
Ben Hur Group
Diamond Mercury (UNGC Active)
Eastern Yoma Estate Investment
Ever Winner
First Private Bank
Fisheries & Marine Product 2000
Gold Uni Investment Co., Ltd
Green Light Treasure Co., Ltd
Khine Khine Phyo International Trading Co., Ltd
Lighthouse Enterprises Ltd.
Mother Trading & Construction Co., Ltd
Myanmar Economic Corporation
Myanmar Might Industrial Co., Ltd
Myanmar Ta Kaung Gems & Trading Co., Ltd
Myit Mahar Trading Co., Ltd
Pinya Manufacturing Co., Ltd. (PMC)
Punyoma International Co., Ltd
Ruby Dragon Group of Companies *
Rural Development Bank Ltd
Sein LomTaung Tan Gems Jade, Mining and Co-operative Marketing Co., Ltd.
Sein Ngwe Mya Trading Co., Ltd.
Shu San Trading Enterprise (SSTE)
Shwe Gaung Gaung Gems Co., Ltd
Shwe Me' Co., Ltd
ShweThan Lwin Group of Companies
Six Winner Brothers Co., Ltd
Smile World Co., Ltd
Taw Win General Trading Co-op., Ltd
Thitsar Shwe War Co., Ltd
Tin Win Tun International Trading Co., Ltd
Tunn Akaree Co., Ltd
Unity Gems Co., Ltd
Yangon City Bank Ltd
Zaykabar Co., Ltd *

* မီဒီယာ/အရပ်ဘက်အဖွဲ့အစည်း အကြံပြုချက်

စကားဖြင့် ဖေ့စ်ဘွတ်စာမျက်နှာများတွင် တင်ထားကြသည်ကိုတွေ့ရသည်။ မြန်မာသြဘာကမူ ခြွင်းချက်အဖြစ်ရှိနေပြီး မြန်မာဘာသာစကားဖြင့် ဝဘ်ဆိုဒ်သာရှိသည်။ မြန်မာဘာသာစကားဖြင့် ဝဘ်ဆိုဒ်တွင်မတင်ခြင်းကြောင့် ၎င်းတို့၏ အဓိက သက်ဆိုင်ပတ်သက်သူများနှင့် ဆက်ဆံရေးအတွက် မေးခွန်းများထုတ်လာကြသလို မူဝါဒများအား ဝန်ထမ်းများနားလည်မှုနှင့် သိရှိမှုအတွက်လည်း မေးခွန်းထုတ်ကြသည်။ ၁ မှတ်အပြည့်ရရန် ဝန်ထမ်းအားလုံးအတွက် သက်ရောက်သည့် ဥပမာ-အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကျင့်ဝတ်များကဲ့သို့သော စာရွက်စာတမ်းများကို မြန်မာဘာသာစကားဖြင့် ထုတ်ပြန်ရန် လိုအပ်သည်ဆိုသော အချက်မျိုးကို ယခုနှစ်တွင် ပြန်ပြင်ထားခဲ့သည်။[၂၁]

နောက်ဆုံးအနေဖြင့် ဒေါ်လာဘီလီယံပေါင်းများစွာဖြင့် လုပ်ကိုင်နေသော ကျောက်စိမ်းလုပ်ငန်းကဏ္ဍတွင် ကုန်သည်အနေဖြင့်၎င်း၊ တူးဖော်သူအနေဖြင့်၎င်း ပါဝင်ပတ်သက်နေသည့် ပမာဏကြီးမားသော ကုမ္ပဏီကြီးအချို့၏ ပွင့်လင်းမြင်သာမှုမရှိခြင်းနှင့် ပတ်သက်ပြီး MCRB က ဆက်လက်စိုးရိမ်နေဆဲဖြစ်သည်။[၂၂] ကဏ္ဍ၏တန်ဖိုးကြီးမားမှုအရ အစိုးရလေလံများတွင်

..............................................................

၂၁။ စီးတီမတ်၊ ပါရမီ၊ ကေဘီဇက်၊ Max၊ SPA နှင့် SMART တို့သည် မြန်မာဘာသာဖြင့် ဝန်ထမ်းများလိုက်နာရမည့်ကျင့်ဝတ်များကို ထုတ်ပြန်ထားကြသည်။

၂၂။ Global Witness က ထုတ်ပြန်တော့မည့် သုတေသနသည် လုပ်ငန်းကဏ္ဍ၏ အဓိကလုပ်ဆောင်နေသူများကိုပြသမည်ဟု မျှော်လင့်ထားသည်။

ပါဝင်ပြီး ကုန်သွယ်ခွန်ပမာဏ များများပေးထားသူများသည် ပွင့်သစ်စစာရင်းတွင် ပါဝင်မည်ဖြစ်သလို ကျောက်စိမ်းကဏ္ဍတွင် ပါဝင်မည်မှာမလွဲပေ။ ထိုလုပ်ငန်းကြီးများအနက် ဝဘ်ဆိုဒ်ရှိပြီး ပါဝင်ပတ်သက်မှုလည်း ရှိသည့် အေးရှားဝေါလ်၊ ထူးနှင့် ကေဘီဇက်တို့က ကျောက်စိမ်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို ဖော်ပြထားကြသည်။[၃၃] ကျောက်စိမ်းလုပ်ငန်းတွင် ပါဝင်ပတ်သက်လုပ်ကိုင်သော ကုမ္ပဏီအများစုတွင် ဝက်ဘ်ဆိုဒ်ပင်မရှိပေ။[၃၄]

ကျောက်စိမ်းလုပ်ငန်း လုပ်ကိုင်နေပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် HSE တို့ကို ဆောင်ရွက်သည့် ပွင့်သစ်စ အမှတ်ပေးဇယားပါ ကုမ္ပဏီများသည် ၎င်းတို့လုပ်ကိုင်နေသော လုပ်ငန်းနယ်ပယ်၏ ပဋိပက္ခများနှင့် အုပ်ချုပ်မှုအားမကောင်းခြင်း စသည့်အခြေအနေတို့ ရှိသဖြင့် ယင်းကဏ္ဍတွင် မည်သို့ကျင့်သုံးနိုင်မည်ကို ဖော်ပြရမည်ဖြစ်သည်။ အဂတိလိုက်စားမှုနှင့်ပတ်သက်၍ ၎င်းတို့ ကိုင်တွယ်ဆောင်ရွက်ပုံကို ပြသနိုင်သည့် နည်းလမ်းများအနက် တစ်ခုမှာ မည်သည့် သတ္တုတွင်းလိုင်စင်မျိုး ရထားသည်၊ အစိုးရကို အခွန်နှင့်အခြားကြေးများ မည်မျှပေးထားသည်၊ ထုတ်လုပ်မှုအဆင့်၊ သဘောတူစာချုပ်တွင် မည်သည့် အချက်များ ပါဝင်သည်နှင့် ကုမ္ပဏီ၏ အကျိုးခံစားခွင့်ရှိသူက မည်သူများဖြစ်သည် စသည်တို့ကို EITI စံနှုန်းများနှင့်အညီ ဆောလျင်စွာ ဖော်ပြထားခြင်းပင်ဖြစ်သည်။

အဆိုပါကဏ္ဍတွင် လုပ်ကိုင်တော့ခြင်းမရှိဆိုသော ကုမ္ပဏီများသည်လည်း ၎င်းတို့ထွက်ခဲ့ရသည့် အကြောင်းရင်း အသေးစိတ်ကို ဖော်ပြသင့်သည်။

................................................................

၃၃။ ယင်းလုပ်ငန်းကဏ္ဍမှ ထွက်ခွာခဲ့ပြီးဖြစ်သည်ဟု မက်စ်မြန်မာက ဆိုသည်။
See http://www.ma_myanmargroup.com/inde_.php/news-room/news-release/1Ä9-ma_-myanmar-group-ceased-jade-mining-activities-since-2012

၃၄။ ဥပမာဧရာရတနာ၊ အဲဗားဝင်း၊ Gold Uni၊ Green Light Treasure၊ MEC၊ မြန်မာတကောင်း ကျောက်မျက်ရတနာနှင့် ရောင်းဝယ်ရေးကုမ္ပဏီ၊ ပတ္တမြားနဂါးအုပ်စု၊ SeinLomTaung Tan Gems Jade, Mining and Co-operative Marketing Co.၊ Shwe Gaung Gaung Gems Co.၊ ရွှေသံလွင်၊ UMEHL နှင့် Unity Gems တို့အပါဝင် ကျောက်စိမ်းရောင်းဝယ်ရေးကုမ္ပဏီများနှင့် သတ္တုတူးဖော်ရေး ကုမ္ပဏီများသည် ဝဘ်ဆိုဒ်များ မရှိကြပေ။

# အပိုင်းအလိုက် စွမ်းဆောင်ရည်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေး အစီအစဉ် (ACP)




ACP နှင့်ပတ်သက်ပြီး ဖော်ပြသည့် ကုမ္ပဏီ ၆၂ ခုအနက် ၁၂ ခုသည်သာ သတင်းအချက်အလက် ပမာဏအနည်းဆုံး ထုတ်ပြန်ကြသည်။

ပွင့်လင်းမြင်သာ အမှတ်ပေးဇယားပါ ကုမ္ပဏီအများစု လိုက်နာဆောက်ရွက်ကြသည့် UN Global Compact ၏ အခြေခံမူ ၁၀ ချက်တွင် စီးပွားရေးလုပ်ငန်းများသည် လာဘ်ယူခြင်းနှင့် လာဘ်ပေးခြင်းအပါအဝင် အဂတိလိုက်စားမှုပုံစံ အားလုံးနှင့် ဆန့်ကျင်တိုက်ဖျက်ပြီး ဆောင်ရွက်သင့်သည်ဟု ဆိုထားသည်။ ယင်းတို့ကို ကုမ္ပဏီအဆင့်တွင် အဖွဲ့အစည်းဆိုင်ရာ အပြောင်းအလဲနှင့် နိုင်ငံအဆင့်တွင် သက်ဆိုင်ပတ်သက်သူမျိုးစုံ ပါဝင်သော စုပေါင်းဆောင်ရွက်မှုဖြင့်လည်းကောင်း၊ လုပ်ငန်းတူများနှင့် ဂုဏ်သိက္ခာနှင့် လိုက်နာဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်များဖြင့် အကောင်အထည်ဖော်သင့် သည်ဟု UNGC က အကြံပြုထားသည်။[၃၅] ယနေ့အချိန်အထိမူ မြန်မာနိုင်ငံ၌ ယင်းသို့သော စုပေါင်းဆောင်ရွက်မှုမျိုး မရှိသေးပေ။ အထက်ပါ

..............................................................

၃၅။ UNGC လမ်းညွှန်အခြေခံမူ ၁၀ ချက်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် လိုက်နာဆောင်ရွက်ရေးလုပ်ငန်းများကို မိမိတို့၏ လုပ်ငန်းမဟာဗျူဟာများနှင့် လုပ်ငန်းလည်ပတ်မှုများတွင် ပေါင်းစည်းထည့်သွင်းရမည်ဖြစ်ပြီး လက်ဆောင်များ၊ နိုင်ငံရေးထည့်ဝင်မှုများ၊ အလှူအတန်းနှင့် ခရီးသွားခြင်းတို့နှင့်ပတ်သက်ပြီး စည်းမျဉ်းစည်းကမ်းများနှင့် လုံးဝသည်းမခံခြင်း မူဝါဒများကို အကောင်အထည်ဖော်ခြင်း အပါအဝင် မိမိတို့၏ ကိုယ်ပိုင်ကျင့်ဝတ်ကို ရေးဆွဲရမည်ဖြစ်သည်။ အမည်မဖော်ဘဲတိုင်ကြားနိုင်သည့်စနစ်များ ထားရှိခြင်း၊ ဝန်ထမ်းများကို သင်တန်းပေးခြင်း၊ ကုန်စည်နှင့် ဝန်ဆောင်မှုပတ်လမ်းစီမံခန့်ခွဲမှု၊ အန္တရာယ်ဖြစ်နိုင်ခြေဆန်းစစ်ခြင်းနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများအပါအဝင် အကောင်အထည်ဖော်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် ယင်းမူဝါဒများကို အသုံးပြုရမည်။

ဇယားတွင်ပါဝင်သည့် ကုမ္ပဏီများသည် မိမိတို့၏ ဖြည့်ဆည်းဆောင်ရွက်မှုနှင့် ခေါင်းဆောင်မှုကို အားဖြည့်ခြင်းနည်းလမ်း တစ်ရပ်အဖြစ် ဦးစီးဦးဆောင်ပြုလုပ်နိုင်ပြီး အစိုးရတင်ဒါလုပ်ငန်းစဉ်များ သို့မဟုတ် အကောက်ခွန် ရှင်းလင်းရေးလုပ်ငန်းစဉ်များ၏ ပွင့်လင်းမြင်သာမှုတိုးတက်ရေးအတွက် မူဝါဒပိုင်းဆိုင်ရာ စည်းရုံးလှုံ့ဆော်ခြင်းအပေါ် ဦးတည်ပြီး ဆောင်ရွက်ရဖွယ်ရှိသည်။

အဂတိလိုက်စားမှုနှင့်ပတ်သက်သော မြန်မာနိုင်ငံ လက်ရှိဥပဒေသည်လည်း ပုဂ္ဂလိကကဏ္ဍ အဂတိလိုက်စားမှုကို ကိုင်တွယ်ဖြေရှင်းရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်(UNCAC)အရ မြန်မာနိုင်ငံ လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် အပြည့်အဝ ကိုက်ညီမှုမရှိသေးပေ။ ၂၀၁၅-၂၀၁၆ တွင် UNCAC အကောင်အထည်ဖော်ခြင်း၏ ပထမသုံးသပ်မှုကို မြန်မာနိုင်ငံက လုပ်ဆောင်ချိန်တွင် မြန်မာနိုင်ငံ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် (ACC) ကို မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာ ကုလသမဂ္ဂရုံး(UNODC) က အကူအညီပေးလျှက်ရှိသည်။ UNCACပြဋ္ဌာန်းချက်များနှင့် ယင်းတို့ကို မည်သို့ကိုင်တွယ်ဖြေရှင်းရမည်ဆိုသည်ကို နှိုင်းယှဉ်လေ့လာရာတွင် ၎င်း၏ ဥပဒေနှင့် အသက်ဝင်ဖော်ဆောင်မှုကြားရှိ အသေးစိတ်ကျသော ကွာဟချက်များကို ရှာဖွေဖော်ထုတ်ရန် မျှော်မှန်းထားသည်။ မြန်မာနိုင်ငံ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ (၂၀၁၃)၊ ရာဇသတ်ကြီးပုဒ်မနှင့် မြန်မာနိုင်ငံ ကူးသန်းရောင်းဝယ်ရေးအက်ဥပဒေ(၁၉၁၄) တို့အရ ပြည်တွင်းကုမ္ပဏီများနှင့် မြန်မာနိုင်ငံတွင် အခြေစိုက်သည့် နိုင်ငံခြားလုပ်ငန်းများသည် အဂတိလိုက်စားမှုပြစ်မှုများတွင် ပါဝင်ခြင်းအတွက် အရေးယူခံရခြင်းမရှိဟု ဆိုရမည်ဖြစ်သဖြင့် အထူးသဖြင့် UNCAC ၏ အပိုဒ် ၂၆ အရ အဂတိလိုက်စားမှု ပြစ်မှုများတွင် ပါဝင်ခြင်းအတွက် ဥပဒေအရ တာဝန်ယူရမည်သူ တစ်ဦး၊ တစ်ဖွဲ့ကို မြန်မာနိုင်ငံက ပြဋ္ဌာန်းရမည်ဖြစ်သည်။ အဂတိလိုက်စားမှုတွင် ပါဝင်ပတ်သက်သည့် လုပ်ငန်းများကို အထူးဦးတည်သည့် ပြစ်ဒဏ်များ သို့မဟုတ် အရေးယူမှုများ (ဥပမာ- ဖျက်သိမ်းခြင်း၊ အစိုးရကန်ထရိုက်များ လျှောက်ထားခွင့်ပိတ်ပင်ခြင်း၊ ဥပဒေအရ တာဝန်ရှိသူများအတွက် ပမာဏ မြင့်မြင့်မားမားရှိသည့် ငွေဒဏ်များ အစရှိသည်ဖြင့်)လည်း မရှိပေ။ အနာဂတ်တွင် ဥပဒေပြင်ဆင်မှုများနှင့် ထိရောက်သော အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများ ကျင့်သုံးမှုများမတိုင်မီတွင် ထိပ်ပိုင်းမှ ခေါင်းဆောင်မှု ပြသခြင်းများပြုလုပ်ရန် မြန်မာကုမ္ပဏီများကို ပိုမိုတိုက်တွန်းအားပေးပါသည်။

## အဖွဲ့အစည်းဆိုင်ရာ ပွင့်လင်းမြင်သာမှု

ဝဘ်ဆိုဒ်ရှိသည့် ကုမ္ပဏီ ၆၂ ခုအနက် ၅၁ ခုက အဖွဲ့အစည်းဆိုင်ရာပွင့်လင်းမြင်သာမှုကို ဖော်ပြကြပြီး မြန်မာကုမ္ပဏီများ ဖော်ပြမှုအရှိဆုံး အပိုင်းဖြစ်သည်။ စွမ်းဆောင်ရည်အကောင်းဆုံး ကုမ္ပဏီများမှာ အောက်ပါဇယားအတိုင်း ဖြစ်သည်။



ကော်ပိုရိတ်ဖွဲ့စည်းတည်ဆောက်ပုံ ရှင်းလင်းဖော်ထုတ်ခြင်းအပြင် ယခုကာလအတွင်း များစွာသော ဦးဆောင်ကုမ္ပဏီများသည် အမှန်တကယ် အခွန်ပေးဆောင်မှုများနှင့်ပတ်သက်ပြီး ဘဏ္ဍာရေးအချက်အလက်များ ပိုမိုဖော်ပြလာခဲ့သည်။ ယခင်ကမူ အစိုးရကထုတ်ပြန်သည့် အခွန်ထမ်းစာရင်းတွင် ပါဝင်သူများကသာ ကုမ္ပဏီ၏ အခွန်များ၏ ပမာဏနှင့်ပတ်သက်သော သတင်းအချက်အလက်များကို ထုတ်ပြန်ကြသည်။ ကုမ္ပဏီအနည်းငယ် (အများအားဖြင့် ဘဏ်များ)က ၎င်းတို့၏ စာရင်းစစ်ဝင်ပြီးသော ဘဏ္ဍာရေးအထောက်အထား စာရွက်စာတမ်းများကို ထုတ်ပြန်ခြင်းကြောင့် ရမှတ်မြင့်မားကြသည်။ သို့သော် ဦးဆောင် ပုဂ္ဂလိကကုမ္ပဏီ အတော်များများကမူ ထိုအချက်သည် မြန်မာနိုင်ငံ၌ ဥပဒေကြောင်းအရ လိုအပ်ချက်တစ်ရပ်မဟုတ်ဟု ပယ်ချကြသည်။

## ကျန်းမာရေး၊ လုံခြုံစိတ်ချရမှု၊ သဘာဝပတ်ဝန်းကျင်၊ လူ့အခွင့်အရေးနှင့် မြေယာ

MCRB ၏ မဏ္ဍိုင်ကျသောလုပ်ငန်းအရ စိတ်ဝင်စားမှုအရှိဆုံး နယ်ပယ်ဖြစ်သည် ယင်းနယ်ပယ်တွင် ဦးဆောင်ကုမ္ပဏီများ တိုးတက်မှုအရှိဆုံး နယ်ပယ်များဖြစ်ခဲ့သည်။ အထက်တွင်ဖော်ပြထားခဲ့သလိုပင် မူဝါဒများ၏ အကောင်အထည်ဖော်မှုဆိုင်ရာ ထုတ်ပြန်ခြင်းများ ပိုပြီးချိန်ညှိနှိုင်းရန် တတိယပိုင်းရှိ မေးခွန်း ၁၀ ခုကို ၂၀၁၅ တွင် အနည်းငယ် ပြင်ဆင်ထားခဲ့သည်။ ယခုအချိန် မူဝါဒများနှင့် လုပ်ငန်းစဉ်များ အပြည့်အစုံ ရှိနေကြပြီးဖြစ်သည့် ဦးဆောင်ကုမ္ပဏီများကြားတွင် ကွဲပြားမှုဖြစ်စေရန် ၂၀၁၆ တွင်မူ ယင်းအပိုင်းသည် နောက်ထပ်အားကောင်းအောင် ဆောင်ရွက်မှုများကို ပြုလုပ်ရမည့်အပိုင်း ဖြစ်လာမည်။ တကယ်ဖြစ်ရပ်လေ့လာမှုများနှင့် စာရင်းအင်းများနှင့်အတူ HSE နှင့် လူ့အခွင့်အရေး အကောင်အထည်ဖော်ခြင်း ဖော်ပြမှုများသည် အကောင်းဆုံး နိုင်ငံတကာကုမ္ပဏီကြီးများပင် ရုန်းကန်ရင်ဆိုင်နေရသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။




ယခုနှစ်အစီရင်ခံစာတွင် အထူးသဖြင့် တိုးတက်မှုများဖြစ်ခဲ့သည်မှာ SMART၊ MPRL နှင့် SPA တို့က ထုတ်ပြန်သည့် လုံခြုံစိတ်ချရမှု စာရင်းအင်းများ (မေးခွန်းနံပါတ် ၃၁)နှင့် မက်စ်၊ ရွှေတောင်နှင့် ဒဂုံတို့က ထုတ်ပြန်သည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝ သက်ရောက်မှုလေ့လာဆန်းစစ်မှုများ(မေးခွန်းနံပါတ် ၃၄) တို့ဖြစ်ကြသည်။ ယင်း EIA အများစု လုပ်ဆောင်မှုနှင့် အရည်အသွေးသည် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် မညီသည့်တိုင် သက်ရောက်မှု လေ့လာဆန်းစစ်မှုများနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုဘဝ စီမံခန့်ခွဲမှုတို့နှင့်ဆက်စပ်သော အစီအမံများ ထုတ်ပြန်ချိန်မှုများသည် ကော်ပိုရိတ်တာဝန်ခံမှုကို မြှင့်တင်ခြင်းအဖြစ် ပထမဆုံးခြေလှမ်းကို စတင်ခြင်းဖြစ်သည်။ အစိုးရ၏ EIA လုပ်ထုံးလုပ်နည်းများ အချောသတ် ထွက်

လာသည့်အခါ ပွင့်လင်းမြင်သာမှု ညှိနှိုင်းတိုင်ပင်ဆွေးနွေးခြင်း လုပ်ငန်းစဉ်များနှင့် ထုတ်ပြန်မှုများအတွက် ဥပဒေအရ လိုအပ်ချက်များ ရှိလာမည်ဖြစ်သည်။ လက်ရှိအချိန်တွင် မည်သည့်အရာလိုအပ်သနည်းဆိုသည်မှာ ရှင်းရှင်းလင်းလင်းမရှိသေးပေ။

စီးတီမတ်၊ ဧရာဘဏ်၊ မက်နှင့် MPRL တို့အပါအဝင် များစွာသောကုမ္ပဏီတို့သည် သက်ဆိုင်ပတ်သက်သူ ထိတွေ့ဆက်ဆံမှု (မေးခွန်းနံပါတ် ၂၆)နှင့် နစ်နာမှုကုစားရေးလုပ်ထုံးလုပ်နည်းများ (မေးခွန်းနံပါတ် ၃၅)တို့နှင့် ပတ်သက်ပြီး ကောင်းမွန်သော အလေ့အထများကို ပြသခဲ့သည်။ ၄င်းတို့လုပ်ဆောင်နေသလားကို သိရှိရန် ဝဘ်ဆိုဒ်များတွင်ဖော်ပြထားသည့် ဆက်သွယ်ရန်များသို့ MCRB က စမ်းသပ်ဆက်သွယ်ခဲ့သော်လည်း နစ်နာမှုကုစားရေးယန္တယားများကို မစမ်းသပ်ခဲ့ရပေ။ MPRL က ၄င်း၏ နစ်နာမှုကုစားရေးယန္တယား[၃၆]အကောင်အထည်ဖော်မှုကို ထုတ်ပြန်ခဲ့ရာတွင် မြန်မာနိုင်ငံတွင် ဦးဆောင်အလေ့အထတစ်ရပ် ဖြစ်ရုံသာမက နိုင်ငံတကာအားဖြင့်လည်း ဦးဆောင်အလေ့အထတစ်ရပ် ဖြစ်နေခဲ့သည်။ စီးပွားရေးလုပ်ငန်းနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂလမ်းညွှန်အခြေခံမူများ၏ အခြေခံမူ ၂၉ နှင့် ၃၁ တွင် ထိရောက်သော နစ်နာမှုကုစားရေးယန္တယားတစ်ရပ်တွင် မည်သည့်အရာများ ပါဝင်ရမည်ဆိုသည်နှင့်ပတ်သက်သော သတင်းအချက်များ ပိုမိုတွေ့ရှိနိုင်သည်။ အထူးသဖြင့် ယင်းတို့သည် တရားဝင်ဖြစ်မှု၊ လက်လှမ်းမီရယူသုံးစွဲနိုင်မှု၊ ခန့်မှန်းနိုင်မှု၊ အညီအမျှဖြစ်မှု၊ ပွင့်လင်းမြင်သာမှု၊ အခွင့်အရေးနှင့်ကိုက်ညီမှု စသည်တို့ပါဝင်သင့်ပြီး စဉ်ဆက်မပြတ် လေ့လာသင်ယူနေရမည့် ရင်းမြစ်တစ်ခုဖြစ်သည်။ နစ်နာမှုကုစားရေးယန္တယား အသုံးပြုရန် အလားအလာရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ပြီး ယင်းတို့ကို ဒီဇိုင်းရေးဆွဲသင့်သည်။

အပိုင်း ၃ သည် မြေယာရယူခြင်းနှင့် ပြန်လည်နေရာချထားခြင်း (မေးခွန်းနံပါတ် ၃၂ နှင့် ၃၃) တို့နှင့်ပတ်သက်သော မူဝါဒများလည်း ပါဝင်သည်။ ယင်းကိစ္စရပ်သည် ကုမ္ပဏီ ၁၀၀ နှင့်ပတ်သက်ပြီး စံချိန်တင် မီဒီယာဖော်ပြမှုများစွာခံရသည့် အကြောင်းဖြစ်သည်။ သို့သော် အေးရှားဝေါလ်၊ ယုဇနနှင့် ဇေကမ္ဘာတို့ကဲ့သို့သော မြေယာသိမ်းယူမှုအတွက် မီဒီယာတွင်ဝေဖန်မှု အများဆုံးခံရသည့် ယင်းကုမ္ပဏီများစွာသည် မြေယာမူဝါဒများ သို့မဟုတ် ပြန်လည်နေရာချထားမှုများ သို့မဟုတ် နိုင်ငံတကာ စံချိန်စံညွှန်းများ ကျင့်သုံးရန်တို့နှင့်ပတ်သက်ပြီး မည်သို့မှ ပြောဆိုဆောင်ရွက်ခြင်းမရှိပေ။

............................................................

၃၆။ See https://www.unglobalcompact.org/take-action/action/anti-corruption-in-business for more information

# အကြံပြုချက်များ

## မြန်မာကုမ္ပဏီများသို့

- စံအားဖြင့် မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာများဖြင့် (ပွင့်သစ်စစီမံချက် မေးခွန်း၃၅ခုတွင်ပါဝင်သည့်) ကော်ပိုရိတ်သတင်းအချက်အလက်များကို ဖော်ပြထားသည့်ဝဘ်ဆိုဒ်များကို ဝန်ထမ်းများနှင့် သက်ဆိုင် ပတ်သက်သူများအား ဆက်သွယ်ရန် နည်းလမ်းအဖြစ် လွှင့်တင်ပါ။
  - ၁ အများပြည်သူသိအောင် ထုတ်ပြန်ခြင်းတွင် ကော်ပိုရိတ်မစ်ရှင်နှင့် တန်ဖိုးများ၊ ယင်းတန်ဖိုးများကို နေ့စဉ်လုပ်ငန်းလည်ပတ်မှုများတွင် မည်သို့ပေါင်းစပ်ထားမည်နှင့် ဘဏ္ဍာရေးနှင့် ဘဏ္ဍာရေးမဟုတ်သော အန္တရာယ်ဖြစ်နိုင်ခြေများကို ကုမ္ပဏီက မည်သို့ဖော်ထုတ်သတ်မှတ်ပြီး လျှော့ချမည်စသည်တို့လည်း ပါဝင်နိုင်သည်။
- ကမ္ဘာလုံးဆိုင်ရာ အစီရင်ခံရေးအဖွဲ့(GRI) သို့မဟုတ် UN Global Compact အတွက် (အရည်အသွေးမြင့်သော COP ကိုရရှိရန် သက်ဆိုင်ရာ အစီရင်ခံရေးလမ်းညွှန်ကို အသုံးပြုပြီး) အသိအမှတ်ပြုထားသည့် အစီရင်ခံရေးမူဘောင်တစ်ရပ်ကို လက်ခံကျင့်သုံးပါ။ ယင်းအစီရင်ခံစာများကို ကုမ္ပဏီဝဘ်ဆိုဒ်မှ အလွယ်တကူ ရယူနိုင်ပါစေ။
- ကုမ္ပဏီအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အစီအစဉ်များကို ရေးဆွဲပြီး အကောင်အထည်ဖော်ပါ။ သင်တန်းနှင့် ဖြန့်ဝေခြင်းလုပ်ဆောင်မှု၊ အခြားအဓိကျသော ဖြစ်ရပ်တစ်ခုခုပါဝင်သည့် ယင်းအစီအစဉ်များ အကောင်အထည်ဖော်ခြင်းနှင့် ပတ်သက်သော နှစ်ပတ်လည် အသင်းအချက်အလက်များကို ကုမ္ပဏီဝဘ်ဆိုဒ်တွင် ထုတ်ပြန်ပါ။
- အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် အခြားစီးပွားရေးလုပ်ငန်းများနှင့် ပူပေါင်းလုပ်ဆောင်မှုများ ဆောင်ရွက်ပါ။ ဥပမာ- အစိုးရတင်ဒါလုပ်ငန်းစဉ်များ သို့မဟုတ် အကောက်ခွန်ရှင်းလင်းရေးများနှင့် ပတ်သက်ပြီး မူဝါဒပိုင်းဆိုင်ရာ စည်းရုံးလှုံ့ဆော်ခြင်း။
- ကုမ္ပဏီခွဲများ၊ ဆက်စပ်လုပ်ငန်းများ၊ ပူးတွဲလုပ်ငန်းများနှင့် အခြားစပ်လျဉ်းသည့်အဖွဲ့အစည်းများနှင့် ဝန်ထမ်းအရေအတွက် စသည့် ပြည့်စုံသော အသေးစိတ်အချက်အလက်များကို ထုတ်ပြန်ပါ။
- မြန်မာအစိုးရသို့ တင်ပြသည့် စာရင်းစစ်ဝင်ပြီးသော ငွေစာရင်းများ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝသက်ရောက်မှု ဆန်းစစ်လေ့လာမှုများကို ထုတ်ပြန်ပါ။
- ကျန်းမာရေးနှင့် လုံခြုံစိတ်ချရမှု စာရင်းအင်းများ၊ လူ့အခွင့်အရေးဆိုင်ရာ ကြိုတင်သိမြင်ရန်စစ်ဆေးခြင်း၊ ထိခိုက်စေသော အကြောင်းများအား ကြိုတင်တာဆီးခြင်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ၊ နစ်နာမှုကုစားရေး ယန္တယားများအရ တိုင်ကြားမှုများကို မည်သို့ကိုင်တွယ်ဖြေရှင်းသနည်း၊ အထူးသဖြင့် ကျောက်စိမ်းလုပ်ငန်း ကဏ္ဍတွင် ပါဝင်ပတ်သက်နေသည့် ကုမ္ပဏီဖြစ်လျှင် သို့မဟုတ် သတ္တုတွင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ သို့မဟုတ်

ရေအားလျှပ်စစ်ကဲ့သို့ အန္တရာယ်ဖြစ်နိုင်ခြေ မြင့်မားသည့် အခြားကဏ္ဍများတွင်ဖြစ်လျှင် ယင်းသို့သော အခြား အကောင်အထည်ဖော်ခြင်း အချက်အလက်များကို ထုတ်ပြန်ပါ။

- ကျောက်စိမ်းနှင့် ကျောက်မျက် တူးဖော်ရောင်းဝယ်ရေး ကုမ္ပဏီများအတွက် မည်သည့်သတ္တုတွင်းလိုင်စင်မျိုး ရထားသည်၊ အစိုးရကို အခွန်နှင့်အခြားကြေးများ မည်မျှပေးထားသည်၊ ထုတ်လုပ်မှုအဆင့်၊ သဘောတူစာချုပ်တွင် မည်သည့်အချက်များ ပါဝင်သည်နှင့် ကုမ္ပဏီ၏အကျိုးခံစားခွင့်ရှိသူက မည်သူများဖြစ်သည် စသည်တို့ကို EITI စံနှုန်းများနှင့်အညီ ဆောလျင်စွာ ဖော်ပြရန်လိုသည်။
- ယင်းကိစ္စရပ်များနှင့်ပတ်သက်သော MCRB သင်တန်းများနှင့် ရည်ညွှန်းစရာများကို သက်ဆိုင်ရာဝန်ထမ်းများရရှိစေပြီး www.mcrb.org.mm ရည်ညွှန်းကိုးကားစရာများကို အသုံးပြုပါစေ။

## မြန်မာအစိုးရသို့

- အဂတိလိုက်စားမှု၊ ကုမ္ပဏီအဖွဲ့အစည်း၊ HSE၊ အလုပ်သမား၊ လူ့အခွင့်အရေးတို့ကဲ့သို့သော ကိစ္စရပ်များ၏ ထုတ်ပြန်ရာတွင် သတင်းအချက်အလက်များ ပိုမိုတိုးမြှင့်ထုတ်ပြန်ရန် ပမာဏကြီးမားသော မြန်မာကုမ္ပဏီများအား တိုက်တွန်းအားပေးရန်အတွက် ပမာဏကြီးမားသော မြန်မာကုမ္ပဏီများအတွက် ဘဏ္ဍာရေးမဟုတ်သော အစီရင်ခံရေးအတွက် မြန်မာနိုင်ငံ ကုမ္ပဏီအက်ဥပဒေ (အပိုဒ် ၁၃၁ က(ဒါရိုက်တာများ အစီရင်ခံစာ)) ၌ ပြင်ဆင်ချက်တွင် ယင်းလိုအပ်ချက်တစ်ခုကို[၃၇]ထည့်သွင်းပါ။
- မြန်မာ စတော့ခ်အိတ်ချိန်းအတွက် ကုမ္ပဏီများစာရင်းသွင်းခြင်းအတွက် အလားတူ ဖော်ပြရေးလိုအပ်ချက်များကို ထည့်သွင်းပါ။ ဥပမာ ငွေကြေးသက်သေခံလက်မှတ် လဲလှယ်ရောင်းဝယ်ရေးစည်းမျဉ်းများ ရေးဆွဲရာတွင် အသုံးပြုပါ၊
- ကုမ္ပဏီများ၏ ဒါရိုက်တာများနှင့် ရှယ်ယာရှင်များအပါအဝင် အွန်လိုင်းတွင်လွတ်လပ်စွာရှာဖွေနိုင်သော ကုမ္ပဏီများ၏ မှတ်ပုံတစ်စနစ်တစ်ခုကို ထူထောင်ပြီး အစီရင်ခံစာများနှင့် စာရင်းများကို သွင်းထားပါ။
- မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ပါမစ် ရယူရာတွင် ကုမ္ပဏီအားလုံးသည် အောက်ပါအချက်များ လိုအပ်သည်။

  ၁။ ကုမ္ပဏီ၏ ဘဏ္ဍာရေးနှစ်ကုန်ပြီး ခြောက်လအတွင်း နှစ်ပတ်လည် ရေရှည်တည်တံ့ခိုင်မြဲရေး အစီရင်ခံစာကို မြန်မာဘာသာ(နှင့်သင့်လျော်သည့် အခြားဘာသာစကားများဖြင့်လည်း)ဖြင့် ထုတ်ဝေခြင်း၊)။ ယင်း အစီရင်ခံစာတွင် မြန်မာနိုင်ငံ၌ တာဝန်ယူမှုရှိစွာဖြင့် ကုမ္ပဏီက မည်သို့ ရင်းနှီးမြှုပ်နှံခဲ့သနည်းဆိုသောအချက်ကို ရှင်းလင်းထားရမည် ဖြစ်သည်။ (လမ်းညွှန်ချက်အတွက် အထက်ကိုရှုပါ)။ ယင်းကို ကုမ္ပဏီဝဘ်ဆိုဒ်တွင် ထုတ်ပြန်ထားရမည်။ အစီရင်

---

၃၇။ http://www.mprle_p.com/images/Grievance_Mechanism_Progress_Update.pdf
ယင်းသို့သောလိုအပ်ချက်တစ်ခုကိုရေးဆွဲချိန်တွင် မြန်မာအစိုးရသည် ယူကေကုမ္ပဏီများအက်ဥပဒေပါ မဟာဗျူဟာအစီရင်ခံခြင်းအတွက် လိုအပ်ချက်များကို ကြည့်ရှုပြီး The Companies Act 2006 (Strategic Report and Directors Report) Regulations ၂၀၁၃ အပိုဒ် ၄၁၄ ပါ အဓိကအပိုင်းမှ အသေးစိတ် ရယူနိုင်သည်။ ဝန်ထမ်း ၅၀၀ ကျော်ရှိသော လုပ်ငန်းပမာဏကြီးမားသည့် ကုမ္ပဏီများအတွက် အသုံးပြုနိုင်သည့် အီးယူ Directive 2014/95/EU on disclosure of non-financial and diversity information by certain large undertakings and groups ၏ အပိုဒ် ၁၉ က (ဘဏ္ဍာရေး မဟုတ်သော ဖော်ပြချက်များ)ကိုလည်း ကြည့်ရှုနိုင်သည်။ ယင်းတွင် လုပ်ငန်းဖော်ဆောင်ခြင်း၊ ဆောင်ရွက်ခြင်း၊ နေရာချထားခြင်းနှင့် ၎င်းလုပ်ငန်း သက်ရောက်မှုများနှင့်စပ်လျဉ်းပြီး အနည်းဆုံးအနေဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုဘဝနှင့် ဝန်ထမ်းရေးရာများ၊ လူ့အခွင့်အရေးလေးစားလိုက်နာမှု၊ အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှု ကိစ္စရပ်များကို နားလည်ရန်အတွက် လိုအပ်မည့် သတင်းအချက်အလက်များပါဝင်သော ဘဏ္ဍာရေး မဟုတ်သည့်ဖော်ပြချက်အဖြစ် စီမံခန့်ခွဲမှုအစီရင်ခံစာတစ်ရပ် လိုအပ်သည်။

ခံစာအတွက် ဝဘ်ဆိုဒ်လင့်ခ်ကို DICA က အတည်ပြုရမည်။

၂။ MIC ပါမစ်ရပြီး ခြောက်လအတွင်း သက်ရောက်ခံရသည့် သက်ဆိုင်ပတ်သက်သူများနှင့် ပူးပေါင်းဆောင်ရွက်ပြီး ထိရောက်သော နစ်နာမှုကုစားရေးယန္တယားတစ်ရပ်ကို ထူထောင်ပါ။ တာဝန်ရှိသော အရာရှိ၏နာမည်နှင့် ဆက်သွယ်ရန် အသေးစိတ်အချက်အလက်များနှင့်အတူ ယင်းကို DICA နှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့ထံ တင်ပြရမည်။ ယင်းယန္တယားကို ကုမ္ပဏီဝဘ်ဆိုဒ်တွင် လွှင့်တင်ထားရမည်ဖြစ်သလို ကုမ္ပဏီလုပ်ငန်းကြောင့် သက်ရောက်မည့်သူများလည်း လက်လှမ်းမီစွာ ရယူသုံးစွဲနိုင်ရမည်ဖြစ်သည်။ နစ်နာမှုကုစားရေး ယန္တယား အကောင်အထည်ဖော်ခြင်းနှင့် ပတ်သက်သည့် အစီရင်ခံစာ အကျဉ်းတစ်ခုကို နှစ်ပတ်လည် ရေရှည်တည်တံ့ခိုင်မြဲရေး အစီရင်ခံစာတွင်လည်း ပါဝင်ရမည်ဖြစ်သည်။

- အစိုးရတင်ဒါခေါ်ယူခြင်းနှင့် တင်ဒါချပေးခြင်းတို့ရှိ တာဝန်ရှိသော စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုနှင့် စပ်လျဉ်းသည့် ဘဏ္ဍာရေးမဟုတ်သော စံသတ်မှတ်ချက်များ ပါဝင်ရမည်ဖြစ်ပြီး ယင်းလုပ်ငန်းစဉ်များကို ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်ရမည်ဖြစ်သည်။
- ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ဓာတ်သတ္တုတူးဖော်ထုတ်ယူရေးအတွက်EITI(၃.၁၂(က) တွင် တိုက်တွန်းထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည့် အရာများကို အစီရင်ခံစာရေးသားရာတွင်) ကန်ထရိုက်စာချုပ်များနှင့် လိုင်စင်များ၊ သဘောတူညီချက်များကို ဖော်ပြရန်နှင့် ရေနံ၊ သဘာဝဓာတ်ငွေ့၊ ဓာတ်သတ္တုများ ရှာဖွေခြင်းနှင့် တူးဖော်ထုတ်ယူခြင်းကိုချုပ်ကိုင်သည့် ကန်ထရိုက်စာချုပ်များနှင့် လိုင်စင်များဖော်ပြခြင်းများတွင်လည်း အစိုးရ၏ မူဝါဒဆိုင်ရာ EITI အစီရင်ခံစာ ရေးသားရာတွင် လိုအပ်သည့်အတိုင်း EITI စံချိန်စံညွှန်း၏ ၃.၁၂(ခ) လိုအပ်ချက်နှင့်လည်း ကိုက်ညီရမည်ဖြစ်သည်။

## လွှတ်တော်သို့

- ကုမ္ပဏီအက်ဥပဒေကြမ်းနှင့် ရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းများကို ပြင်ဆင်ချိန်တွင် အထက်ပါ အကြံပြုချက်များကို ထည့်သွင်းစဉ်းစားပါ။
- ပွင့်လင်းမြင်သာပြီး အများပြည်သူသိရှိအောင် တင်ဒါခေါ်ယူခြင်းနှင့် တင်ဒါချပေးခြင်းလုပ်ငန်းစဉ်များကို ဆက်လက်လုပ်ဆောင်ပြီး အငြင်းပွားဖွယ်ဆုံးဖြတ်ချက်များကို အများပြည်သူသိအောင် မီးမောင်းထိုးပြပါ။

## ရင်းနှီးမြှုပ်နှံသူအသိုင်းအဝိုင်းသို့

- တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းကဏ္ဍတွင် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီရန် သို့မဟုတ် ကျော်လွန်စေရန်နှင့် ၄င်းတို့၏ ကုန်စည်နှင့် ဝန်ဆောင်မှုပတ်လမ်းအပါအဝင် ၄င်းတို့၏ လုပ်ငန်းလည်ပတ်မှုများနှင့် စပ်လျဉ်းသည့် အန္တရာယ်ဖြစ်နိုင်ခြေများနှင့် သက်ရောက်မှုများကို မည်သို့စီမံခန့်ခွဲသည်ဆိုသည်ကို ကောင်းမွန်စွာ အစီရင်ခံခြင်းစေရန် မြန်မာကုမ္ပဏီများနှင့် ထိတွေ့ဆောင်ရွက်မှုပြုပါ။
- ပြင်ပအဖွဲ့အစည်းတစ်ခုခုက စစ်ဆေးထားသော အားကိုးထိုက်သည့် အချက်အလက်များပေးရန် ကုမ္ပဏီများအား တွန်းအားပေးပါ။

**မီဒီယာအပါအဝင် မြန်မာအရပ်ဘက်အဖွဲ့အစည်းများသို့**

- လူ့အခွင့်အရေး၊ HSE နှင့် အလုပ်သမား အခွင့်အရေးများအား ၎င်းတို့၏ အများပြည်သူသိအောင် ထုတ်ပြန်ထားသော လေးစားလိုက်နာမှုများကို တာဝန်ခံမှုရှိစေရန်နှင့် စောင့်ကြည့်ရန် ကုမ္ပဏီများက ထုတ်ပြန်ထားသည့် အချက်အလက်များကို အသုံးပြုပါ။ ယင်းသို့သော လိုက်နာဆောင်ရွက်မှုများအား ဖြည့်ဆည်းဆောင်ရွက်ရန်ပျက်ကွက်သည့်အခါ သာဓကတစ်ခုခုပြပြီး ကုမ္ပဏီကို မေးမြန်းပါ။
- တိုင်ပင်ညှိနှိုင်း ဆွေးနွေးပွဲများနှင့် သက်ဆိုင်ပတ်သက်သူများ ထိတွေ့ဆောင်ရွက်ခြင်း ပုံစံတစ်ခုခုတွင် ပါဝင်ပါ။

# နောက်ဆက်တွဲ(၁)အမှတ်ပေးစည်းမျဉ်း

## အဂတိလိုက်စားမှုတိုက်ဖျက်ရေး မူဝါဒ

**၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ကုမ္ပဏီက လူသိရှင်ကြား ထုတ်ပြန်ထားမှုရှိပါသလား။**

၁မှတ် အဂတိလိုက်စားမှုကို လုံးဝခွင့်မပြုခြင်း၊ (သို့မဟုတ်) ယင်းနှင့်တူညီသော ရှင်းလင်းသည့်ထုတ်ပြန်ချက် တစ်ခု ရှိလျှင်။ (ဥပမာ- အဂတိလိုက်စားမှု လုပ်ဆောင်မှုတိုင်းကို ကြိုတင်ကာကွယ်ခြင်းနှင့် တိုက်ဖျက်ခြင်း)

ဝဒသမ၅ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ယေဘုယျထုတ်ပြန်ချက်မရှိဘဲ ပြည်သူ့ကဏ္ဍ။ အစိုးရဆိုင်ရာ အဂတိလိုက်စားမှု ကိုသာ ရည်ညွှန်းခြင်း။

တိုက်ရိုက်ထုတ်ပြန်မှုနည်းလျှင် အားလျော့သည်။

ကုမ္ပဏီသည်UNGC တွင် အဖွဲ့ဝင်ဖြစ်ပြီး အခြေခံမူ ၁၀ ခုကို ဖော်ဆောင်ကြောင်း ရှင်းလင်းစွာ ဖော်ပြထားလျှင်။

သုည သက်ဆိုင်သောမူဝါဒများရှိလျှင်ပင် ရှင်းလင်းသော လုပ်ဆောင်မှု၊ ထုတ်ပြန်ချက် မရှိလျှင်။

ကုမ္ပဏီသည် UNGC တွင် အဖွဲ့ဝင်ဖြစ်ပြီး အခြေခံမူ ၁၀ ခုကို ဖော်ဆောင်ကြောင်း ရှင်းလင်းစွာမဖော်ပြနိုင်လျှင်။

**၂။ အဂတိလိုက်စားမှုဥပဒေများအပါအဝင် သက်ဆိုင်ရာ ဥပဒေအားလုံးအား လိုက်နာဆောင်ရွက်မှုကို ကုမ္ပဏီက လူသိရှင်ကြား ထုတ်ပြထားမှု ရှိပါသလား။**

၁မှတ် ကုမ္ပဏီလုပ်ငန်း လည်ပတ်ရာတွင် ဥပဒေအားလုံးအတွက် ယင်းသို့သော လိုက်နာဆောင်ရွက်မှုမျိုး ရှင်းလင်းစွာ ဖော်ပြထားခြင်းရှိလျှင်။

၎င်းတို့က ရှင်းလင်းစွာ ဖော်ပြထားခြင်းမရှိပင်လျှင် ဥပဒေအားလုံးကို လိုက်နာသည်ဟူသော ဖော်ပြချက်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေလည်း ပါဝင်သည်ဟု မှတ်ယူရမည်။

သုည ဥပဒေများကို လိုက်နာသည်ဟု ရှင်းလင်းသောဖော်ပြမှုမရှိခြင်း သို့မဟုတ် ဥပဒေများကို လိုက်နာသည့် ဖော်ပြ ချက်တွင် အဂတိလိုက်စားမှုဥပဒေကို ဖယ်ထုတ်ထားခြင်း သို့မဟုတ် ထုတ်ပယ်ထားခြင်း ရှိလျှင်။

**၃။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ကုမ္ပဏီခေါင်းဆောင်မှုပိုင်းက (ဘုတ်အဖွဲ့ သို့မဟုတ် စီမံခန့်ခွဲမှု၏ ထိပ်ပိုင်း တာဝန်ရှိသူများ)က အထောက်အပံ့ပေးမှု ရှိပါသလား။**

၁မှတ် ကုမ္ပဏီခေါင်းဆောင်ပိုင်း ( စီမံခန့်ခွဲရေး သို့မဟုတ်ဘုတ် အဖွဲ့၏ ထိပ်ပိုင်းအဖွဲ့ဝင်)က ကုမ္ပဏီ၏ အဂတိလိုက် စားမှု တိုက်ဖျက်ရေးလုပ်ဆောင်မှုကို အထူးတလည် ဖော်ပြထားသည့် ကိုယ်တိုင်ထုတ်ပြန်မှုတစ်ခုရှိလျှင်။

ကုမ္ပဏီခေါင်းဆောင်ပိုင်း ( စီမံခန့်ခွဲရေး သို့မဟုတ် ဘုတ်အဖွဲ့၏ ထိပ်ပိုင်းအဖွဲ့ဝင်)က ကုမ္ပဏီ၏ ကျင့်ဝတ် သို့မဟုတ် အလားတူကျင့်ဝတ်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးမူဝါဒများပါဝင်သည့် ကျင့်ဝတ်ကိုထောက်ခံသည့် ကိုယ်တိုင်စာတစ်စောင်ထုတ်ပြန်ထားလျှင်။

သုည အကယ်၍ ကုမ္ပဏီခေါင်းဆောင်ပိုင်း၏ ဖော်ပြချက်သည် အဂတိလိုက်စားကို သီးခြား ရည်ညွှန်းခြင်းမရှိလျှင် သို့မဟုတ် ဝန်ထမ်းကျင့်ဝတ်တစ်ခုထဲတွင် ထည့်သွင်းထားခြင်း မရှိလျှင်။ ထုတ်ပြန်ချက်ကို သင့်လျော်သည့်သူက ထုတ်ပြန်ခြင်းမဟုတ်လျှင် ယင်းသို့သော ထုတ်ပြန်ချက်မျိုးမရှိလျှင်။

**၄။ ကုမ္ပဏီ၏ လိုက်နာရန်ကျင့်ဝတ်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မူဝါဒများကို ဝန်ထမ်းအားလုံးနှင့် ဒါရိုက်တာများ အပေါ် ရှင်းလင်းစွာ ကျင့်သုံးပါသလား။** (ဒါရိုက်တာ = ဒါရိုက်တာအဖွဲ့ = ကြီးကြပ်ရေးဘုတ်အဖွဲ့)

၁မှတ် ကျင့်ဝတ်များ ၊ မူဝါဒများကို ဝန်ထမ်းအားလုံးအပြင် ကုမ္ပဏီ ရာထူးကြီးငယ်မခွဲခြားဘဲ ဒါရိုက်တာများအားလုံး လိုက်နာမည်ဟု ရှင်းလင်းစွာဖော်ပြထားလျှင်။ လုပ်ငန်းလည်ပတ်သည့် မည်သည့်နိုင်ငံမဆို ခြွင်းချက်ထားခြင်း မရှိစေရ။

ဝဒသမ၅ မူဝါဒသည် ဝန်ထမ်းအားလုံး ကျင့်သုံးရန်ဖြစ်သော်လည်း ဒါရိုက်တာများနှင့်ပါ သက်ဆိုင်ကြောင်း အတိအလင်း ဖော်ပြထားခြင်းမရှိလျှင် ။ သီးသန့်ဝန်ထမ်းအုပ်စုတစ်စု (ဥပမာ- မန်နေဂျာများသာ သက်ဆိုင်သည်ဆိုလျှင်)

သုည ကျင့်ဝတ်သည် ဝန်ထမ်းအားလုံးနှင့် ဒါရိုက်တာများအားလုံးအတွက် သက်ဆိုင်ကြောင်း ရှင်းလင်းစွာ ဖော်ပြထား ခြင်း မရှိလျှင်။

**၅။ ကုမ္ပဏီ၏ လိုက်နာရန်ကျင့်ဝတ်များ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးမူဝါဒများကို ဝန်ထမ်းမဟုတ်သော်လည်း ကုမ္ပဏီ၏ ကိုယ်စား ဆောင်ရွက်ခွင့်ရှိသူ သို့မဟုတ် ကုမ္ပဏီကိုကိုယ်စားပြုသူ (ဥပမာ- အေးဂျင့်များ၊ အကြံပေးများ၊ ကိုယ်စားလှယ်တော် များ သို့မဟုတ် ကြားပွဲစားများ)အပေါ် ရှင်းလင်းစွာ ကျင့်သုံးပါသလား။**

၁မှတ် ယင်းသို့သော ပုဂ္ဂိုလ်များက မူဝါဒကို မဖြစ်မနေ လိုက်နာကျင့်သုံးရမည်ဟု ဖော်ပြထားလျှင်။

သုည မူဝါဒကို လိုက်နာကျင့်သုံးရန် ယင်းသို့သော ပုဂ္ဂိုလ်များအား တိုက်တွန်းထားရုံသာဆိုလျှင်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေး မူဝါဒများသည် ယင်းပုဂ္ဂိုလ်များနှင့် မသက်ဆိုင်လျှင် သို့မဟုတ် မူဝါဒကို လိုက်နာခြင်း လိုအပ် ချက်မှ ၄င်းတို့ကို သီးခြား ဖယ်ထုတ်ထားလျှင်။

**၆။ ကုမ္ပဏီ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းအစီအစဉ်ကို ကန်ထရိုက်စာချုပ်အရ ကုန်စည်နှင့်ဝန်ဆောင်မှုများ ပေးသွင်းသည့် မိမိကုမ္ပဏီထိန်းချုပ်မှုအောက်တွင် မရှိသည့် လူပုဂ္ဂိုလ်များ သို့မဟုတ် လုပ်ငန်းများ (ဥပမာ- ကန်ထရိုက်တာများ၊ လက်ခွဲကန်ထရိုက်တာများ၊ ပစ္စည်းပေးသွင်းသူများ)အပေါ် ကျင့်သုံးပါသလား။**

၁မှတ် အောက်ပါအချက်သုံးချက်စလုံး ပြည့်စုံလျှင်

(၁) ယင်းသို့သော ပုဂ္ဂိုလ်များ၊ အဖွဲ့များသည် ကုမ္ပဏီ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးပရိုဂရမ်၊ ကုမ္ပဏီက ထုတ်ထားသည့် ယင်းနှင့်အလားတူ သို့မဟုတ် ပစ္စည်းသွင်းသူများကျင့်ဝတ်ကို လိုက်နာကျင့်သုံးရန် လိုအပ်သည်။

(၂) ယင်းသို့သော ပုဂ္ဂိုလ်များ၊ အဖွဲ့များအပေါ် ကုမ္ပဏီက အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး due diligence ကျင့်သုံးခြင်းနှင့်

(၃) ယင်းသို့သော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများကို ကုမ္ပဏီက စောင့်ကြည့်ကြပ်မတ်ခြင်း။

ဝဒသမ၅ ယင်းသို့သော ပုဂ္ဂိုလ်များ၊ အဖွဲ့များကို မူဝါဒအား လိုက်နာကျင့်သုံးရန် အားပေးရုံသာ အဆင့်ရှိခြင်း သို့မဟုတ် အထက်ပါ ၃ ချက်မှ ၁ ချက် သို့မဟုတ် ၂ ချက်သာ ပြည့်စုံခြင်း။

သုည ယင်းသို့သော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများကို ရည်ညွှန်းထားခြင်း မရှိခြင်း။ သို့မဟုတ် ၎င်းတို့သည် ကုမ္ပဏီ၏ မူဝါဒ သို့မဟုတ် အလားတူကိစ္စကို လိုက်နာကျင့်သုံးရန် သီးသီးသန့်သန့် မလိုအပ်ခြင်း။

**၇။ ကုမ္ပဏီဝန်ထမ်းများနှင့် ဒါရိုက်တာများအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး သင်တန်းအစီအစဉ် ကုမ္ပဏီတွင် ရှိပါသလား။**

၁မှတ် ဝန်ထမ်းများနှင့် ဒါရိုက်တာများအတွက် ပြုလုပ်သည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး သင်တန်းရှိကြောင်း ပရိုဂရမ် တစ်ခုခုကို အများသိအောင် ထုတ်ပြန်ထားလျှင် (အဂတိလိုက်စားမှု တိုက်ဖျက်ရေးမူဝါဒများ ဆိုင်ရာကို ရှင်းလင်းစွာ ဦးတည်သည့် သင်တန်းဖြစ်နိုင်သလို ဝန်ထမ်းကျင့်ဝတ်သင်တန်းဖြစ်သော်လည်း အဂတိလိုက်စားမှု တိုက်ဖျက်ရေး အကြောင်းအရာများ အဆိုပါကျင့်ဝတ်တွင် ပါဝင်ခြင်းလည်းဖြစ်နိုင်သည်။ သင်တန်းတက်ရောက်ပြီးသား ဝန်ထမ်းဦးရေကို ဖော်ပြသင့်သည်။)

ဝဒသမ၅ ဝန်ထမ်းများအတွက် ပြုလုပ်သည့် ယင်းသို့သော သင်တန်းအစီအစဉ်တစ်ခုကို ကုမ္ပဏီက အများသိအောင် ထုတ်ပြန်ထားသော်လည်း ယင်းသင်တန်းသည် ဒါရိုက်တာများအတွက် မပါလျှင် (သို့မဟုတ် ဒါရိုက်တာများ အတွက်သာဖြစ်ပြီး ဝန်ထမ်းများအတွက် မပါလျှင်)။

ဝန်ထမ်းများနှင့် ဒါရိုက်တာများအတွက် ကျင့်ဝတ်ဆိုင်ရာ၊ ဂုဏ်သိက္ခာဆိုင်ရာ ကိစ္စရပ်အားလုံးနှင့် ပတ်သက်သော သင်တန်းပရိုဂရမ်တစ်ခုအကြောင်း ထုတ်ပြန်မှုရှိလျှင်၊ ယင်းသင်တန်းတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မူဝါဒများ ပါဝင်သည်ဟု ကျွန်ုပ်တို့ ယူဆနိုင်လျှင်။

သုည ယင်းသို့သော သင်တန်းအစီအစဉ်တစ်ခုနှင့် ပတ်သက်သော ထုတ်ပြန်ထားချက်မျိုး မရှိလျှင်။

**၈။ လက်ဆောင်ပစ္စည်းများ၊ ဧည့်ခံမှုများနှင့် အသုံးစားရိတ်များအပေါ် မူဝါဒတစ်ခု ကုမ္ပဏီတွင်ရှိပါသလား။**

၁မှတ် ပေးရန် ကမ်းလှမ်းခြင်း၊ လက်ဆောင်ပေးခြင်းနှင့် လက်ခံခြင်း၊ ဧည့်ခံမှု သို့မဟုတ် အပိုအသုံးစားရိတ် စသည်တို့ အပေါ် စည်းကြပ်ထားသည့် မူဝါဒတစ်ခု ကုမ္ပဏီမှာရှိလျှင်၊ မူဝါဒသည် အောက်ပါအချက်များနှင့် ကိုက်ညီရမည်။

(၁) ထိုသို့ပစ္စည်းများ ပေးရန်ကမ်းလှမ်းခြင်း သို့မဟုတ် ပေးခြင်း နှစ်မျိုးစလုံး

(၂) ထိုသို့ ပစ္စည်းများလက်ခံခြင်း

(၃) လက်ဆောင်ပစ္စည်းများ ၊ ဧည့်ဝတ်ပြုခြင်းများ သို့မဟုတ် အပိုအသုံးစရိတ်များအတွက် ပမာဏအတိုင်းအတာ အတိအလင်း ရှိခြင်း(စာသားဖြင့်သောလည်းကောင်း၊ ကိန်းဂဏာန်းပမာဏဖြင့်သော်လည်းကောင်း)ကို အဓိပ္ပာယ် ဖွင့်ဆိုခြင်းအပြင် ဤကဲ့သို့ လက်ဆောင်ပစ္စည်း ၊ ဧည့်ခံမှုများ မဖြစ်မနေလက်ခံရရှိလျှင် လုပ်ဆောင်ရမည့် နည်းလမ်းများ၊ တိုင်ကြားရန် လိုအပ်ချက် စသည့်လုပ်ငန်းစဉ်များ အတိအကျရှိလျှင်)

သတိပြုရန်။ ။ ဝန်ထမ်းများအတွက် လမ်းညွှန်အတိအကျကို အများသိအောင် ထုတ်ပြန်ရန်မလိုပေ၊ ယင်းသို့သော လမ်းညွှန်ချက်ရှိပြီး အထက်ပါအချက်အလက်အားလုံးနှင့် ကိုက်ညီကြောင်း အတိအလင်း ဖော်ပြထားလျှင်။

ဝဒသမ၅ အထက်ပါအချက်များအားလုံး မဟုတ်သော်လည်း အချက်အချို့ပါလျှင်။

သုည ယင်းသို့သောမူဝါဒကို ကုမ္ပဏီက အများသိအောင် ထုတ်ပြန်ထားခြင်းမရှိလျှင်။

**၉။ လုပ်ငန်းအဆင်ပြေအောင် ငွေပေးရခြင်းကို ရှင်းလင်းစွာတားမြစ်သည့် မူဝါဒတစ်ခု ရှိပါသလား။**

လုပ်ငန်းအဆင်ပြေအောင် အပိုငွေပေးရခြင်းဆိုသည်မှာ လုပ်ငန်းအဆင်ပြေအောင် သို့မဟုတ် ပုံမှန် အစိုးရလုပ်ငန်းတစ်ခု၏ လုပ်ဆောင်မှုကိုရရှိရန် အရာရှိတစ်ဦးဦး၊ နိုင်ငံရေးပါတီနှင့် ပါတီအရာရှိကို ပေးခြင်းဖြစ်သည်။

သတိပြုရန်။ ။ လုပ်ငန်းအဆင်ပြေအောင် အပိုငွေပေးခြင်းသည် နိုင်ငံအများစုတွင် တရားမဝင်ဖြစ်သော်လည်း US Foreign Corrupt Practices Act ကဲ့သို့ အချို့နိုင်ငံများ၏ နိုင်ငံခြားလာဘ်ပေးမှု ဥပဒေများတွင် တားမြစ်ထားခြင်း မရှိပေ။ သို့သော် ကုမ္ပဏီလုပ်ငန်းလည်ပတ်သည့် နိုင်ငံများအားလုံးတွင် တားမြစ်ရန် ကျွန်ုပ်တို့ မျှော်လင့်ထားသည်။

၁မှတ် ယင်းသို့သော ပေးခြင်းမျိုးကို အားမပေးရုံသာမက ရှင်းလင်းတိကျသော တားမြစ်မှုတစ်ခုရှိလျှင်။ (အသက်နှင့် ခန္ဓာကို ခြိမ်းခြောက်သည့်အခြေအနေမျိုးတွင် ပေးရသည်ကို ခြွင်းချက်အဖြစ် အသိအမှတ်ပြုထားရှိသည်)

သုည ယင်းသို့သောပေးခြင်းမျိုးကို ကုမ္ပဏီတွင် အားမပေးရုံအဆင့်သာဆိုလျှင်။ (ဥပမာ- မန်နေဂျာက အတည်ပြုပြီးလျှင် ခွင့်ပြုခြင်းမျိုး)

ယင်းသို့သော ပေးခြင်းမျိုးကို ပြည်တွင်းဥပဒေအရ ခွင့်ပြုထားသည့်အတွက် ခွင့်ပြုလျှင်။

လုပ်ငန်းအဆင်ပြေအောင် အပိုငွေပေးရခြင်းကို အကြောင်းနှင့်ပတ်သက်၍ မည်သည့်ဖော်ပြချက်မှ မရှိခြင်း သို့မဟုတ် အထူးခွင့်ပြုထားလျှင်။

**၁၀။ ဝန်ထမ်းများနှင့် အခြားသူများက စိုးရိမ်ပူပန်မှုများနှင့် ချိုးဖောက်မှုများ အစီရင်ခံခြင်းကို (လုပ်ငန်းအစီအစဉ်၏) ဒဏ် ပြန်မခံရဘဲ ပြုလုပ်နိုင်သည့် လုပ်ငန်းအစီအစဉ် ရှိပါသလား။**

၁မှတ် ချိုးဖောက်မှုများကို ထုတ်ဖော်ပြောဆိုခြင်း သို့မဟုတ် တင်ပြခြင်း (ဖော်ကောင်လုပ်ခြင်း)အတွက် မည်သည့် ဝန်ထမ်းမှ ရာထူးချခြင်း၊ အပြစ်ပေးခြင်း သို့မဟုတ် အခြားသော ဒဏ်ခတ်ခြင်းများမရှိစေရဟူသော မူဝါဒကို ထုတ်ပြန်ထားလျှင်။

သုည ယင်းသို့သော ဒဏ်ခတ်ခြင်းမျိုးကို တားမြစ်သည့် ရှင်းလင်းတိကျသော မူဝါဒ မရှိလျှင်။

**၁၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးမူဝါဒများ၏ သံသယဖြစ်ဖွယ် ချိုးဖောက်မှုများကို ဝန်ထမ်းများက တင်ပြနိုင်မည့် လမ်းကြောင်းတစ်ခု ကုမ္ပဏီတွင်ရှိပါသလား။ ယင်းလမ်းကြောင်းသည် လျှို့ဝှက်နှင့် သို့မဟုတ် အမည်မဖော်ဘဲတင်ပြခြင်း (ဖော်ကောင်လုပ်ခြင်း) ပြုလုပ်နိုင်ပါသလား။**

၁ မှတ် ယင်းသို့သော လမ်းကြောင်းတစ်ခုကို အပြည့်အဝ လျှို့ဝှက်စွာနှင့် သို့မဟုတ် အမည်မဖော်ဘဲ တင်ပြနိုင်သည့် ပုံစံတစ်ခုဖြင့် အများသိအောင်ထားပြီး နောက်ဆက်တွဲ ဖော်ထုတ်မှုများအတွက် တစ်ခုခု လိုအပ်လာလျှင် ဖော်ထုတ်သူနှင့် နှစ်လမ်းသွား ဆက်ဆံရေးထားရှိလျှင်။

ဝဒသမ၅ ယင်းသို့သော လမ်းကြောင်းမျိုးရှိသော်လည်း ထုတ်ဖော်သူနှင့် နှစ်လမ်းသွားဆက်ဆံရေး မရှိလျှင်။

သုည ယင်းသို့သော လမ်းကြောင်းမျိုးမရှိခြင်း သို့မဟုတ် လမ်းကြောင်းသည် တင်ပြရာတွင် လျှို့ဝှက်စွာလည်းမထားနိုင်၊ အမည်မဖော်ဘဲလည်း မပြုလုပ်နိုင်လျှင်။

**၁၂။ လုပ်ငန်းအစီအစဉ်၏ ရေရှည်တည်တံ့မှု၊ အရည်အသွေးပြည့်ဝမှုနှင့် ထိရောက်မှု၊ သင့်လျော်သလို တိုးတက်မှုများ အကောင်အထည်ဖော်မှုတို့ကို ပြန်လည်သုံးသပ်ရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းအစီအစဉ်၏ပုံမှန် စောင့်ကြပ် ကြပ်ကဲမှုကို ကုမ္ပဏီက လုပ်ဆောင်ပါသလား။**

လုပ်ငန်းတစ်ခုသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းအစီအစဉ်၏ စဉ်ဆက်မပြတ် တိုးတက်မှုကို အထောက်အပံ့ပြုသည့် ကုမ္ပဏီတွင် အခြားလုပ်ငန်းစဉ်များနှင့် တုံ့ပြန်အကြံပြုနိုင်သည့် ယန္တယားတစ်ခု ထူထောင်သင့်သည်။ ကုမ္ပဏီ၏ ထိပ်တန်း အဆင့် မန်နေဂျာများသည် အဆိုပါ အဂတိလိုက်စားမှု လုပ်ငန်းအစီအစဉ်ကို ကြပ်ကဲပြီး လုပ်ငန်းအစီအစဉ်၏ သင့်တော်မှု၊ အရည်အသွေးပြည့်ဝမှုနှင့် ထိရောက်မှုတို့ကို ကာလအပိုင်းအခြားတစ်ခုစီအလိုက် ပြန်လည်သုံးသပ်သင့်ကာ သင့်လျော်သလို တိုးတက်အောင် ဆောင်ရွက်သင့်သည်။ (from TI's Business Principles for Countering Bribery).

၁မှတ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းနှင့် ရလဒ်များကို ပုံမှန်သို့မဟုတ် စဉ်ဆက်မပြတ် စောင့်ကြပ်ကြပ်ကဲခြင်း နှင့် သက်ဆိုင်သော သတင်းအချက်အလက်ကို ထုတ်ပြန်ခြင်း။

ဝဒသမ၅ ရေရှည်တည်တံ့ရေး ကိစ္စရပ်များအားလုံးကို ပုံမှန် သို့မဟုတ် စဉ်ဆက်မပြတ် စောင့်ကြပ်ကြပ်ကဲကြောင်း ဖော်ပြထားလျှင် (အဂတိလိုက်စားမှု တိုက်ဖျက်ရေးမူဝါဒများနှင့် လုပ်ငန်းစဉ်များကို အသေးစိတ်ရည်ညွှန်းခြင်းမရှိဘဲ) ကုမ္ပဏီ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းကို ဤစောင့်ကြည့်ကြပ်ကဲရေးအစီအစဉ်တွင် ထည့်သွင်းသင့် ကြောင်း ဖော်ပြထားလျှင်။

သုည အချို့သော စောင့်ကြပ်ကြပ်ကဲမှုများရှိသော်လည်း ပုံမှန် သို့မဟုတ် စဉ်ဆက်မပြတ် လုပ်ငန်းစဉ်မဟုတ်ခြင်း၊ ပရိုဂရမ်၏ သင့်လျော်မှု၊ အရည်အသွေးပြည့်ဝမှု၊ ထိရောက်မှုတို့ကို သုံးသပ်ထားသည့် အသေးစိတ်ဖော်ပြချက်များ မရှိဘဲ လိုက်နာဆောင်ရွက်မှုနှင့် ပတ်သက်သည့် စောင့်ကြပ်ကြပ်ကဲမှုတစ်ခုတည်းကိုသာ ကျင့်သုံးလျှင်။ အဆိုပါ ပရိုဂရမ်မျိုးရှိကြောင်းမျှသာ ဖော်ပြထားလျှင်။ စောင့်ကြပ်ကြပ်ကဲမှုကို လူသိရှင်ကြား ဖော်ပြမထားလျှင်။

**၁၃။ ဤသို့သော ပါဝင်ပတ်သက်မှုကို တားမြစ်သည့် သို့မဟုတ် မတားမြစ်ဟု နိုင်ငံရေးအရ ပါဝင်ပက်သက်မှုနှင့်ဆိုင်သည့် မူဝါဒတစ်ခု ကုမ္ပဏီတွင်ရှိပါသလား။ ယင်းသို့သော ပါဝင်မှုများကို လူသိရှင်ကြား ထုတ်ဖော်ပြောဆိုရန် လိုအပ်ပါသလား။**

'နိုင်ငံရေးတွင် ပါဝင်မှု' ဆိုသည်မှာ နိုင်ငံရေးပါတီတစ်ခု၊ အကြောင်းကိစ္စ သို့မဟုတ် ကိုယ်စားလှယ်လောင်းအတွက် ငွေအား သို့မဟုတ် လူအားဖြင့် ထောက်ခံခြင်း။ တိုက်ရိုက်နှင့် သွယ်ဝိုက်ပါဝင်ခြင်း နှစ်မျိုးစလုံးဖြစ်သည်။ ဥပမာ ကုမ္ပဏီတစ်ခု၏ အသင်းအဖွဲ့များမှတစ်ဆင့်ဖြစ်လျှင်လည်း ထည့်သွင်းစဉ်းစားမည်ဖြစ်သည်။

သတိပြုရန်။ ။ နိုင်ငံရေးတွင် ပါဝင်မှုကို ကုမ္ပဏီက တားမြစ်ရန်မလိုအပ်သော်လည်း ယင်းနယ်ပယ်တွင် ပွင့်လင်းမြင် သာမှုရှိရန် လိုအပ်ပါသည်။ ပါဝင်မှုအား အားလုံး သို့မဟုတ် ယင်းသို့ တားမြစ်ခြင်းအားလုံးကို လူသိရှင်ကြား ထုတ်ဖော် ထားခြင်းဖြင့် ယင်းသို့သော ပွင့်လင်းမြင်သာမှုကို ရရှိနိုင်သည်။

၁မှတ် နိုင်ငံရေးတွင် ပါဝင်မှုများကို တားမြစ်ထားခြင်း သို့မဟုတ် အများသိအောင် ထုတ်ပြန်ထားခြင်းများ ပြုလုပ်လျှင်။ (လုပ်ငန်းလည်ပတ်ရာ နိုင်ငံအားလုံးတွင်)။

သုည နိုင်ငံရေးတွင် ပါဝင်မှုကို စည်းမျဉ်းချမှတ်ထားသော်လည်း တားမြစ်ခြင်း သို့မဟုတ် ဖော်ထုတ်ခြင်းမပြုလျှင်။ (ဥပမာ- ယင်းသို့သော ပါဝင်မှုများအတွက် ကုမ္ပဏီတွင်း အထူးအတည်ပြုပေးသည့် လုပ်ငန်းစဉ်နှင့် ကုမ္ပဏီ တွင်း အစီရင်ခံရသည့်တစ်ခု ရှိသော်လည်း အမှန်တကယ် ပေးရခြင်းကို အများသိအောင် ထုတ်ပြန်မှုမပြုခြင်း။

နိုင်ငံရေးတွင် ပါဝင်မှုကို နိုင်ငံတစ်နိုင်ငံအတွက်သာ ဖော်ထုတ်ခြင်း။ ဥပမာ- ကုမ္ပဏီ၏ မိခင်နိုင်ငံအတွက်သာ။ ကုမ္ပဏီ၏မူဝါဒသည် ဝန်ထမ်းများ၏ပါဝင်မှုကိုသာ ရည်ညွှန်းပြီး ကုမ္ပဏီ၏ပါဝင်မှုကို ထည့်သွင်းခြင်းမရှိလျှင်။ နိုင်ငံရေးတွင်ပါဝင်မှုကို စည်းကမ်းချမှတ်မထားခြင်းနှင့် သို့မဟုတ် မဖော်ထုတ်ခြင်း။

## အဖွဲ့အစည်းဆိုင်ရာပွင့်လင်းမြင်သာမှု

**၁၄။ ကုမ္ပဏီသည် မိမိစာရင်းတွင် အပြည့်အဝပါဝင်သည့် လုပ်ငန်းခွဲများအားလုံးကို ဖော်ပြထားပါသလား။**

ဥပမာ- စီအီးအို၊ ဥက္ကဋ္ဌ နှစ်နေရာယူထားသည့် ကုမ္ပဏီများအရေအတွက်။

၁မှတ် ယင်းလုပ်ငန်းခွဲအားလုံး၏ စာရင်းအပြည့်အစုံ ဖော်ပြထားလျှင်။

ဝဒသမ၅ အဓိကလုပ်ငန်းခွဲများကိုသာ ဖော်ပြထားလျှင်။

သုည ပြည်တွင်းလုပ်ငန်းခွဲများ ဖော်ပြထားလျှင် သို့မဟုတ် မပြည့်စုံသော လုပ်ငန်းခွဲစာရင်းကို ဖော်ပြထားလျှင်။ ယင်းလုပ်ငန်းခွဲစာရင်းများ မရှိလျှင်။

**၁၅။ မိမိစာရင်းတွင် အပြည့်အဝပါဝင်သည့် လုပ်ငန်းခွဲတစ်ခုချင်းစီတွင် ပိုင်ဆိုင်သည့် ရာခိုင်နှုန်းကို ကုမ္ပဏီကဖော်ပြထားပါသလား။**

ရမှတ် မေးခွန်း ၁၄ အတွက် လမ်းညွှန်ချက်ကိုကြည့်ပါ။

**၁၆။ မိမိစာရင်းတွင် အပြည့်အဝပါဝင်သည့် လုပ်ငန်းခွဲတစ်ခုချင်းစီအတွက် မှတ်ပုံတင်ထားသည့် နိုင်ငံများကို ကုမ္ပဏီက ဖော်ပြထားပါသလား။**

ရမှတ် မေးခွန်း ၁၄ အတွက် လမ်းညွှန်ချက်ကိုကြည့်ပါ။

**၁၇။ မိမိစာရင်းတွင် အပြည့်အဝပါဝင်သည့် လုပ်ငန်းခွဲတစ်ခုချင်းစီအတွက် လုပ်ငန်းလည်ပတ်နေသည့် နိုင်ငံများကို ကုမ္ပဏီက ဖော်ပြထားပါသလား။**

ရမှတ် မေးခွန်း ၁၄ အတွက် လမ်းညွှန်ချက်ကိုကြည့်ပါ။

**၁၈။ ကုမ္ပဏီသည် မိမိစာရင်းတွင် အပြည့်အဝမပါဝင်သည့် လုပ်ငန်းခွဲများအားလုံးကို ဖော်ပြထားပါသလား။**

မေးခွန်းနံပါတ် ၁၈ နှင့် ၂၁ အတွက်မှု မိမိစာရင်းတွင် အပြည့်အဝ မပါဝင်သော ကုမ္ပဏီများတွင် ရောင်းရင်းကုမ္ပဏီများ၊ ဖက်စပ်လုပ်ငန်းများ၊ equity ဖြင့် စာရင်းသွင်းသည့်လုပ်ငန်းများကဲ့သို့ မိမိစာရင်းတွင် အပြည့်အဝ မပါဝင်သော လုပ်ငန်းများ ပါဝင်သည်။

၁မှတ် ယင်းသို့သော ကုမ္ပဏီစာရင်းအပြည့်အစုံရှိလျှင်။

ဝဒသမ၅ မိခင်ကုမ္ပဏီက ပိုင်ဆိုင်သည်ဟု လူသိများသော ကုမ္ပဏီခွဲများကိုသာ ဖော်ပြခြင်း။

သုည ယင်းသို့သော ကုမ္ပဏီစာရင်း အပြည့်အစုံမရှိလျှင်။ ပြည်တွင်းလုပ်ငန်းများစာရင်း သို့မဟုတ် အခြား မပြည့်စုံသော သတင်းအချက်အလက်တစ်ခုသာ ဖော်ပြထားလျှင်။

N/A - ကုမ္ပဏီတွင် မိမိစာရင်းတွင် အပြည့်အဝ မပါဝင်သော လုပ်ငန်းတစ်ခုခုမှ မရှိလျှင်။ (မေးခွန်းကို အမှတ်ပေးရာတွင် ထည့်သွင်းတွက်ချက်မည် မဟုတ်ပေ။)

**၁၉။ မိမိစာရင်းတွင် အပြည့်အဝ မပါဝင်သည့် လုပ်ငန်းခွဲတစ်ခုချင်းစီတွင် ပိုင်ဆိုင်သည့်ရာခိုင်နှုန်းကို ကုမ္ပဏီက ဖော်ပြထား ပါသလား။**

ရမှတ် မေးခွန်း ၁၈ အတွက် လမ်းညွှန်ချက်ကိုကြည့်ပါ။

N/A - ကုမ္ပဏီတွင် မိမိစာရင်းတွင် အပြည့်အဝ မပါဝင်သော လုပ်ငန်းတစ်ခုခုမှ မရှိလျှင်။ (မေးခွန်းကို အမှတ်ပေးရာတွင် ထည့်သွင်းတွက်ချက်မည် မဟုတ်ပေ။)

**၂၀။ မိမိစာရင်းတွင် အပြည့်အဝ မပါဝင်သည့် လုပ်ငန်းခွဲတစ်ခုချင်းစီအတွက် မှတ်ပုံတင်ထားသည့် နိုင်ငံများကို ကုမ္ပဏီက ဖော်ပြထားပါသလား။**

ရမှတ် မေးခွန်း ၁၈ အတွက် လမ်းညွှန်ချက်ကိုကြည့်ပါ။

N/A - ကုမ္ပဏီတွင် မိမိစာရင်းတွင် အပြည့်အဝ မပါဝင်သော လုပ်ငန်းတစ်ခုခုမှ မရှိလျှင်။ (မေးခွန်းကို အမှတ်ပေးရာတွင် ထည့်သွင်းတွက်ချက်မည် မဟုတ်ပေ။)

**၂၁။ မိမိစာရင်းတွင် အပြည့်အဝမပါဝင်သည့် လုပ်ငန်းခွဲတစ်ခုချင်းစီအတွက် လုပ်ငန်းလည်ပတ်နေသည့် နိုင်ငံများကို ကုမ္ပဏီ က ဖော်ပြထားပါသလား။**

ရမှတ် မေးခွန်း ၁၈ အတွက် လမ်းညွှန်ချက်ကိုကြည့်ပါ။

N/A - ကုမ္ပဏီတွင် မိမိစာရင်းတွင် အပြည့်အဝ မပါဝင်သော လုပ်ငန်းတစ်ခုခုမှ မရှိလျှင်။ (မေးခွန်းကို အမှတ်ပေးရာတွင် ထည့်သွင်းတွက်ချက်မည် မဟုတ်ပေ။)

**၂၂။ ကုမ္ပဏီ၏မူလပိုင်ရှင် (တစ်နည်းအားဖြင့် ကုမ္ပဏီ၏ စီးပွားရေးကို တိုက်ရိုက်လည်းကောင်း သွယ်ဝိုက်၍လည်းကောင်း ပိုင်ဆိုင်ခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းပြုလုပ်သော သက်ရှိထင်ရှားလူ)၏ အမည်အားလုံးကို ဖော်ပြထားပါသလား။**

၁မှတ် ၄င်းတို့၏ အကျိုးအမြတ်ခံစားခွင့်ရှိသည့် ပိုင်ရှင်များကို ကုမ္ပဏီက ထုတ်ပြန်လျှင်။

၀ဒသမ၅ အကျိုးအမြတ်ခံစားခွင့်ရှိသည့် ပိုင်ရှင်အချို့ကို ကုမ္ပဏီကထုတ်ပြန်လျှင်။

သုည အကျိုးအမြတ်ခံစားခွင့်ရှိသည့် ပိုင်ရှင်အမည်များကို ကုမ္ပဏီက လုံး၀ မထုတ်ပြန်လျှင်။

**၂၃။ ကုမ္ပဏီသည် မိမိ၏ အဖွဲ့အစည်းအရွယ်အစား (ဥပမာ- ၀န်ထမ်းအရေအတွက်ကို) ဖော်ပြထားပါသလား။**

၁မှတ် ကုမ္ပဏီအုပ်စုအဆင့်ရှိ ၀န်ထမ်းအရေအတွက်ကို ကုမ္ပဏီကထုတ်ပြန်လျှင်

၀ဒသမ၅ အချို့သော ကုမ္ပဏီခွဲများ၏ ၀န်ထမ်းအရေအတွက်ကို ကုမ္ပဏီက ထုတ်ပြန်ထားလျှင်

သုည ကုမ္ပဏီက ၄င်း၏ ၀န်ထမ်းအရေအတွက်ကို မထုတ်ပြန်လျှင်

**၂၄။ ယုံကြည်စိတ်ချရသည့် ပြင်ပစာရင်းစစ် ၀င်ပြီးသော ဘဏ္ဍာရေးဆိုင်ရာတင်ပြမှုကို ကုမ္ပဏီက ပြုလုပ်ပါသလား။**

၁မှတ် စာရင်းစစ်၀င်ပြီးသော ဘဏ္ဍာရေးအစီရင်ခံစာကို ကုမ္ပဏီက ထုတ်ပြန်ထားလျှင်

သုည စာရင်းစစ်၀င်ပြီးသော ဘဏ္ဍာရေးအစီရင်ခံစာကို ကုမ္ပဏီက ထုတ်ပြန်မှုမရှိလျှင်။

**၂၅။ အစိုးရကို အခွန်အကောက်နှင့် အခြားမည်သည်တို့ကိုပေးကမ်းကြောင်း ကုမ္ပဏီက ဖော်ပြထားပါသလား။**

၁မှတ် ကုမ္ပဏီက အခွန်နှင့် အခြားပေးဆောင်မှုများအားလုံး၏ ကိန်းဂဏန်းအပြည့်အစုံကို ဖော်ပြလျှင်။

ဝဒသမ၅ အစိုးရသို့ပေးဆောင်ရသည့် အခွန် သို့မဟုတ် အခြားပေးဆောင်မှု အစိတ်အပိုင်းတချို့ကို ထုတ်ပြန်လျှင်။

သုည အစိုးရသို့ပေးဆောင်ရသည့် အခွန် သို့မဟုတ် အခြားပေးဆောင်မှုများနှင့် ပတ်သက်ပြီး တစ်ခုမှ မထုတ်ပြန်လျှင်။

## လူ့အခွင့်အရေး၊ မြေယာ၊ ကျန်းမာရေးနှင့် လုံခြုံစိတ်ချရမှု၊ သဘာဝ ပတ်ဝန်းကျင်သက်ရောက်မှု

**၂၆။ ကုမ္ပဏီသည် ၎င်းတို့နှင့် ပါဝင်ပတ်သက်နေသောလူများ မည်သူဖြစ်သည်၊ ထိုသူများနှင့် မည်ကဲ့သို့ ညှိနှိုင်း ချိတ်ဆက်ဆောင်ရွက်နေသည် စသည့် အချက်အလက်များကို ရှင်းလင်းတင်ပြ၍ စုံစမ်းလိုသူများအတွက် ဆက်သွယ်ရန်ပုဂ္ဂိုလ်၊ လိပ်စာ စသည်များကို ထုတ်ပြန်ထားပါသလား။**

၁မှတ် ကုမ္ပဏီသည် ၎င်းတို့နှင့် ပါဝင်ပတ်သက်နေသောလူများနှင့် အပြန်အလှန် ဆက်သွယ်ချိတ်ဆက်ရန် မည်ကဲ့သို့ စီစဥ်လုပ်ဆောင်သည်ကို တင်ပြ၍ စုံစမ်းလိုသူများအတွက် ရှင်းလင်းပြောပြနိုင်သည့် လူတစ်ဦးတစ်ယောက် ထားရှိပြီး ထိုသူကို မည်ကဲ့သို့ဆက်သွယ်နိုင်သည်ကို ထုတ်ပြန်ထားလျှင်။

ဝဒသမ၅ ရှင်းလင်းပြောပြနိုင်သည့် လူတစ်ဦးတစ်ယောက်ထားရှိပြီး ထိုသူကို မည်ကဲ့သို့ ဆက်သွယ်နိုင်သည်ကို ထုတ်ပြန်ထားသော်လည်း ကုမ္ပဏီသည် ၎င်းတို့နှင့် ပါဝင်ပတ်သက်နေသောလူများနှင့် အပြန်အလှန် ဆက်သွယ်ချိတ်ဆက်ရန် မည်ကဲ့သို့ စီစဥ်လုပ်ဆောင်သည်ကို တင်ပြထားခြင်း မရှိလျှင်။

သုည စုံစမ်းလိုသူများအတွက် ရှင်းလင်းပြောပြနိုင်သည့် လူတစ်ဦးတစ်ယောက် လုံးဝ မထားရှိလျှင်။

**၂၇။ ကုမ္ပဏီတွင် မိမိတို့ ဆောင်ရွက်နေသော လုပ်ငန်းများ၏ သက်ရောက်ခြင်းခံရနိုင်သော လူအများ၏ အခွင့်အရေးများကို အသိအမှတ်ပြု လေးစားလိုက်နာရန် ကတိပြုခြင်း၊ မိမိတို့ ဆောင်ရွက်နေသော လုပ်ငန်းများကြောင့် လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်ပေါ်နိုင်သော အခြေအနေများကို ဖော်ပြခြင်း အပါအဝင် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်ညီသော လူ့အခွင့်အရေး လေးစားလိုက်နာရန် လူသိရှင်ကြား ကတိတာဝန်ခံသည့် မူဝါဒရှိပါသလား။**

၁မှတ် ကုမ္ပဏီတွင် International Bill of Human Rights ၊ the UN Guiding Principles on Business and Human Rights (သို့မဟုတ်) ILO အခြေခံမူ များ နှင့် IFC စံနှုန်းများကဲ့သို့သော နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ညီသော လူ့အခွင့်အရေး လေးစားလိုက်နာရန် ကတိတာဝန်ခံသည့် မူဝါဒတစ်ခု (မူဝါဒတစ်ခုအနေနှင့် ဖြစ်စေ၊ ကုမ္ပဏီမူဝါဒ၏ တစ်စိတ်တစ်ဒေသအနေနှင့်ဖြစ်စေ) ထုတ်ပြန်ထားရှိလျှင်။

ဝဒသမ၅ ကုမ္ပဏီတွင် ရေးသားထုတ်ပြန်ထားသော လူ့အခွင့်အရေးမူဝါဒ (သို့မဟုတ်) လူ့အခွင့်အရေးလေးစား လိုက်နာပါမည့်အကြောင်း ဖော်ပြချက်ထားရှိသော်လည်း မိမိတို့ ဆောင်ရွက်နေသော လုပ်ငန်းများကြောင့် လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်ပေါ်နိုင်သော အခြေအနေများကို ထုတ်ပြန်မထားလျှင်။

သုည ကုမ္ပဏီတွင် လူ့အခွင့်အရေး လေးစားလိုက်နာခြင်း မူဝါဒ (သို့မဟုတ်) ၎င်း နှင့်သက်ဆိုင်သော လုပ်ဆောင်မှု တစ်ခုခု လူသိရှင်ကြား ထုတ်ပြန်ထားခြင်းမရှိလျှင်။

**၂၈။ ကုမ္ပဏီတွင် လူ့အခွင့်အရေး လေးစားလိုက်နာရန် လူသိရှင်ကြား သန္နိဋ္ဌာန်ထားပြီး ထို ကတိတာဝန်ခံချက်ကို အကောင်အထည်ဖော်သည့် လုပ်ဆောင်ချက်များကို ကုမ္ပဏီက ထုတ်ပြန်ထားပါသလား။**

၁မှတ် ကုမ္ပဏီတွင် လူ့အခွင့်အရေး လေးစားလိုက်နာရန် လူသိရှင်ကြား သန္နိဋ္ဌာန်ထားပြီး ထို ကတိတာဝန်ခံချက်ကို အကောင်အထည်ဖော်သည့် လုပ်ဆောင်ချက်များကို ကုမ္ပဏီက ထုတ်ပြန်ထားလျှင်။

ဝ.၅မှတ် ကုမ္ပဏီတွင် လူ့အခွင့်အရေး လေးစားလိုက်နာရန် ကတိတာဝန်ခံသော်လည်း ထို ကတိတာဝန်ခံချက်ကို အကောင်အထည်ဖော်သည့် လုပ်ဆောင်ချက်များကို ကုမ္ပဏီက ထုတ်ပြန်ထားလျှင်။

သုည ကုမ္ပဏီတွင် လူ့အခွင့်အရေး လေးစားလိုက်နာခြင်း မူဝါဒရှိကြောင်း မည်သည့်အထောက်အထားမျှ မတွေ့ရလျှင်။

**၂၉။ ကုမ္ပဏီတွင် အောက်ပါတို့နှင့်လျော်ညီသော ဝန်ထမ်းမူဝါဒတစ်ခု ရှိပါသလား။**

က) မိမိ၏ဝန်ထမ်းများအတွက် တရားမျှတပြီး အတန်အသင့်ကောင်းမွန်သော လစာ

ခ) လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခွင့်နှင့် စုပေါင်းညှိနှိုင်း အပေးအယူလုပ်ခြင်း

ဂ) ဝန်ထမ်းခေါ်ယူမှုနှင့် ရာထူးတိုးခြင်း၊ နေ့စဉ်လုပ်ငန်းခွင် အစရှိသည်တို့တွင် ခွဲခြားဆက်ဆံမှုမပြုရေးမူဝါဒ

ဃ) အတင်းအဓမ္မ ခိုင်းစေမှုမရှိခြင်း

င) ကလေးလုပ်သား မထားရှိခြင်း

၁မှတ် အထက်ပါ အချက်များအနက် အနည်းဆုံး(၄)ချက်ကို ခြုံမိသည့် ဝန်ထမ်းရေးရာမူဝါဒများ ထုတ်ပြန်ထားရှိလျှင်။

ဝ.၅မှတ် အထက်ပါအချက်များအနက် (၂)ချက် (သို့မဟုတ်) (၃)ချက်ကို ခြုံမိသည့် ဝန်ထမ်းရေးရာ မူဝါဒတစ်ခု ကုမ္ပဏီတွင် ရှိလျှင်။

သုည အဆိုပါ ဝန်ထမ်းရေးရာမူဝါဒကို ဝက်ဘ်ဆိုက်တွင် မထုတ်ပြန်လျှင်။

**၃၀။ ကျန်းမာရေး၊ လုံခြုံစိတ်ချရမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာမူဝါဒများ ကုမ္ပဏီတွင်ရှိပါသလား။ မူဝါဒများ မည်ကဲ့သို့ လုပ်ဆောင်ကြောင်း အများပြည်သူသို့ တင်ပြမှု ကုမ္ပဏီကလုပ်ပါသလား။**

၁မှတ် ကုမ္ပဏီတွင် ကျန်းမာရေး၊ လုံခြုံစိတ်ချရမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများ ထုတ်ပြန်ထားပြီး ၎င်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ရှိမရှိကို ထုတ်ပြန်ထားလျှင်။

ဝ.၅မှတ် ကုမ္ပဏီတွင် ကျန်းမာရေး၊ လုံခြုံစိတ်ချရမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများ ရှိသော်လည်း ၎င်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမရှိလျှင် (သို့မဟုတ်) အကောင်အထည်ဖော် ဆောင်ရွက်ခြင်းရှိသည်ဟု ထုတ်ပြန်ထားသော်လည်း ထိုမူဝါဒများ မရှိလျှင်။

သုည ယင်းသို့သော ကျန်းမာရေး၊ လုံခြုံစိတ်ချရမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများကိုသော်လည်းကောင်း၊ ၎င်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ရှိမရှိကိုသော်လည်းကောင်း လုံးဝ မထုတ်ပြန်ထားလျှင်။

**၃၁။ ကုမ္ပဏီသည် မိမိတို့လုပ်ငန်းခွင်ရှိ ကျန်းမာရေး၊ လုံခြုံစိတ်ချရမှုနှင့် မတော်တဆ ထိခိုက်(ဒဏ်ရာရ)မှု ကိန်းဂဏန်း အချက်အလက်ကို ထုတ်ပြန်မှုမျိုး ပြုလုပ်ပါသလား။**

၁မှတ် ကုမ္ပဏီသည် မိမိတို့လုပ်ငန်းခွင်ရှိ ကျန်းမာရေးနှင့် လုံခြုံစိတ်ချရမှု မတော်တဆ ထိခိုက်(ဒဏ်ရာရ)သော ကိန်း

ဂဏန်း အချက်အလက် အပြည့်အစုံကို ဝဘ်ဆိုဒ်တွင် ထုတ်ပြန်ထားလျှင်။

ဝဒသမ၅ ကျန်းမာရေးနှင့် လုံခြုံစိတ်ချရမှု မတော်တဆထိခိုက် (ဒဏ်ရာရ)သော ကိန်းဂဏန်း အချက်အလက်အချို့(သို့မဟုတ်) အနည်းအကျဉ်းကို ထုတ်ပြန်ထားလျှင်။

သုည ကျန်းမာရေးနှင့် လုံခြုံစိတ်ချရမှု မတော်တဆထိခိုက်(ဒဏ်ရာရ)သော ကိန်းဂဏန်းအချက်အလက်များကို လုံးဝ မထုတ်ပြန်ထားလျှင်။

၃၂။ မိမိတို့လုပ်ငန်းများ တည်ရှိရာ မြေယာများ အပါအဝင် ကုမ္ပဏီ၏ မြေယာပိုင်ဆိုင်မှုများကို မည်ကဲ့သို့ရရှိ၍ မည်ကဲ့သို့ အသုံးချ စီမံခန့်ခွဲရမည်ဟု သတ်မှတ်ချက် (သို့မဟုတ်) မူဝါဒများ၊ လုပ်ငန်းစဉ်များ ရှိပါသလား။ ရှိခဲ့လျှင် ထို မူဝါဒများကို မည်ကဲ့သို့ အကောင်အထည်ဖော်ကြောင်း ထုတ်ပြန်ပါသလား။

၁မှတ် ကုမ္ပဏီ၏ မြေယာပိုင်ဆိုင်မှုနှင့်ပတ်သက်၍ နိုင်ငံတကာ စံချိန်စံညွှန်းနှင့် ကိုက်ညီသော ဖော်ပြပါမူဝါဒများ ထားရှိ၍ မည်ကဲ့သို့ အကောင်အထည်ဖော်ကြောင်း ထုတ်ပြန်ထားပြီး မြေယာပိုင်ဆိုင်မှုများကို စာရင်းပြုစု ထုတ်ပြန်ထားလျှင်။

ဝဒသမ၅ ယင်းကဲ့သို့ မူဝါဒ၊ လုပ်ငန်းစဉ် မရှိသော်လည်း ကုမ္ပဏီက မြေယာများကို မည်ကဲ့သို့ရရှိသည်၊ အငှားချခဲ့သည်၊ အသုံးချသည်၊ စီမံခန့်ခွဲသည်ကို တစ်စိတ်တစ်ပိုင်းဖြစ်စေ ရှင်းပြလျှင်။ (အပြန်အလှန်အားဖြင့်)

သုည ဖော်ပြပါမူဝါဒများ ချမှတ်ခြင်းဖြစ်စေ၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်စေ မရှိလျှင်။

**၃၃။ ကုမ္ပဏီတွင် မိမိတို့ဆောင်ရွက်နေသော လုပ်ငန်းများကြောင့် နေရာရွှေ့ပြောင်းချထားခြင်း (သို့မဟုတ်) ပြန်လည်နေရာချထားခြင်းနှင့်ပတ်သက်သော မူဝါဒတစ်ခုရှိပါသလား။ ရှိခဲ့လျှင် ထိုမူဝါဒကို မည်ကဲ့သို့ အကောင်အထည်ဖော်သည်ဟု ထုတ်ပြန်ခြင်း ရှိပါသလား။**

၁မှတ် ကုမ္ပဏီတွင် ရွှေ့ပြောင်းခံ လူအများ၏ အသက်မွေးဝမ်းကြောင်းကို မူလအခြေအနေအတိုင်း ပြန်လည်ရောက်ရှိစေရန် လုပ်ဆောင်မည်ဟု ကတိကဝတ်ပြုခြင်း အပါအဝင် နိုင်ငံတကာ စံချိန်စံညွှန်း (ဥပမာ- IFC Performance Standard 5) နှင့် ကိုက်ညီသော မူဝါဒတစ်ခုရှိပြီး ထိုမူဝါဒကို မည်ကဲ့သို့ အကောင်အထည်ဖော်သည်ဟု ထုတ်ပြန်ခြင်းရှိလျှင်။

ဝဒသမ၅ ယင်းသို့သောမူဝါဒ မရှိသော်လည်း ပြောင်းရွှေ့ခြင်းနှင့် ပြန်လည်နေရာချထားခြင်းနှင့် ပတ်သက်သော အချက်များကို အများပြည်သူသို့ တင်ပြမှုလုပ်ငန်းစဉ် ကုမ္ပဏီတွင်ရှိလျှင်။ (အပြန်အလှန်အားဖြင့်)

သုည ပြောင်းရွှေ့ခြင်းနှင့် ပြန်လည်နေရာချထားခြင်းနှင့် ပတ်သက်သော မူဝါဒ (သို့မဟုတ်) သတင်းအချက်အလက်များ လုံးဝ မတွေ့ရလျှင်။

**၃၄။ ကုမ္ပဏီသည် မိမိတို့ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သည့် (သို့မဟုတ်) လိုအပ်သည်ဟု ခံယူသည့် သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုဘဝ သက်ရောက်မှုအပေါ် ဆန်းစစ်မှုများ ဆောင်ရွက်ပြီး စီမံခန့်ခွဲရေး အစီအစဉ်များကို ထုတ်ပြန်မှုမျိုး ပြုလုပ်ပါသလား။ ထုတ်ပြန်မှုပြုခဲ့လျှင် ထို လေ့လာဆန်းစစ်မှုများနှင့် စီမံခန့်ခွဲရေး အစီအစဉ်များသည် လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှု အချက်အလက်များကို ထည့်သွင်းစဉ်းစားပါသလား။**

၁မှတ် ကုမ္ပဏီသည် လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှု အချက်အလက်များကို ထည့်သွင်းစဉ်းစားသည့် သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုဘဝ သက်ရောက်မှုအပေါ် လေ့လာဆန်းစစ်မှုများနှင့် စီမံခန့်ခွဲရေးအစီအစဉ်များ အားလုံးကို ထုတ်ပြန်ထားလျှင်။

ဝဒသမ၅ အပြည့်အစုံ မဟုတ်သော်လည်း အချို့သော သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝသက်ရောက်မှုအပေါ် လေ့လာဆန်းစစ်မှုများနှင့် စီမံခန့်ခွဲရေးအစီအစဉ်များကို ထုတ်ပြန်ထားလျှင်နှင့်၊ သို့မဟုတ် ယင်း ထုတ်ပြန်ချက်များသည် လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှု အချက်အလက်များကို လျော်ညီအောင် ထည့်သွင်းစဉ်းစားထားခြင်း မရှိလျှင်။

သုည သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝ သက်ရောက်မှုအပေါ် လေ့လာဆန်းစစ်မှုများနှင့် စီမံခန့်ခွဲရေးအစီအစဉ်များကို လုံးဝ မထုတ်ပြန်ထားလျှင်။

**၃၅။ ကုမ္ပဏီတွင် ဝန်ထမ်းများ၊ ဒေသတွင်းရှိလူများက ကုမ္ပဏီကို မကျေနပ်ချက်များ တိုင်ကြားရန်နှင့် နစ်နာချက်များ ဖြေရှင်းရန် လူသိရှင်ကြားထုတ်ပြန်ထားသော လုပ်ငန်းစဉ်ရှိပါသလား။**

၁မှတ် ဝန်ထမ်းများနှင့် ဒေသခံ ရပ်ရွာနှစ်ခုလုံး၏ နစ်နာမှုများ (သို့) တိုင်ကြားချက်များ ဖြေရှင်းသည့် လုပ်ငန်းစဉ်တစ်ရပ် ရှိပြီး လုပ်ငန်းစဉ်နှင့် မည်ကဲ့သို့ အကောင်အထည်ဖော်သည်ကိုလည်း ဝန်ထမ်းများနှင့် ရပ်ရွာနှစ်ခုလုံး သိအောင် လူသိရှင်ကြား ထုတ်ပြန်ထားလျှင်။

ဝဒသမ၅ ဝန်ထမ်းများနှင့် ဒေသခံ ရပ်ရွာနှစ်ခုလုံး၏ နစ်နာမှုများနှင့် တိုင်ကြားချက်များ ဖြေရှင်းသည့် လုပ်ငန်းစဉ် တစ်ရပ်ရှိသော်လည်း ယင်းလုပ်ငန်းစဉ်နှင့် မည်ကဲ့သို့ အကောင်အထည်ဖော်သည်ကို ဝန်ထမ်းများနှင့် ရပ်ရွာ နှစ်ခုလုံးသိအောင် လူသိရှင်ကြား ထုတ်ပြန်ထားခြင်းမရှိလျှင်။

သုည ယင်းသို့သော တိုင်ကြားခြင်းနှင့် နစ်နာမှုများဖြေရှင်းသည့် လုပ်ငန်းစဉ်၏ အထောက်အထားများ လုံးဝ ထုတ်ပြန် ထားခြင်း မရှိလျှင်။

# မီဒီယာဖော်ပြမှုနှင့် အရပ်ဘက်အဖွဲ့အစည်း အကြံပြုချက်များ အနှစ်ချုပ်

## စနစ်တကျလုပ်ဆောင်ပုံအဆင့်ဆင့်

လွှတ်တော်၏ လယ်ယာမြေ စုံစမ်းစစ်ဆေးရေးကော်မရှင်အပါအဝင် အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာတို့ဖြင့် ဖော်ပြထားသော ကနဦးအွန်လိုင်းဖော်ပြချက်များကို အသုံးပြုပြီး HSE၊ လူ့အခွင့်အရေးနှင့် သက်ဆိုင်ပတ်သက်သူ ထိတွေ့ဆက်ဆံခြင်းနှင့် စပ်လျဉ်းသော ဝေဖန်မှုများအား ၂၀၁၁ နှင့် ၂၀၁၅ ဇွန်လကြားတွင် မီဒီယာဖော်ပြချက်များကို MCRB က ကြည့်ရှုလေ့လာခဲ့ပါသည်။

အောက်တွင်ဖော်ပြထားသည့် ဖော်ပြချက်များသည် ကုမ္ပဏီများနှင့်သက်ဆိုင်သည့် မီဒီယာ၊ အရပ်ဘက် အဖွဲ့အစည်းနှင့် ပြည်သူလူထု၏ ဝေဖန်မှုများကို အပြည့်အဝ ကိုယ်စားပြုနိုင်မည်မဟုတ်ဘဲ ပွင့်သစ်စစီမံချက်တွင်ပါဝင်သည့် အကြောင်းအရာများနှင့် ချိတ်ဆက်မှုကို လွယ်ကူစွာ ရှာဖွေဖော်ထုတ်ထားသည့် ဖော်ပြချက်များသာဖြစ်သည်။ အွန်လိုင်းတွင် မဖော်ပြသည့် အကြောင်းအရာများ အပါအဝင် အခြားဖော်ပြချက်များနှင့် ကုမ္ပဏီအမည်ကို ဖော်ပြမထားသည့် ဖော်ပြချက်များလည်း ရှိလိမ့်မည်ဖြစ်သည်။ ယင်းတို့မှာ လုပ်ငန်းပမာဏကြီးမားသော ကုမ္ပဏီများ၏ စီးပွားရေးလုပ်ငန်း အလေ့အထများကို ထိရောက်စွာ ဖော်ပြနိုင်သည်ဟု မြန်မာ့ပြည်တွင်းမီဒီယာများက ယူဆခဲ့သည့် မကြာသေးမီက ဖော်ပြချက်များသာဖြစ်ပေသည်။

မတ်လတွင် သုတေသနကိုစတင်ချိန်၌ ကုမ္ပဏီ၏လုပ်ငန်းနှင့်ပတ်သက်ပြီး အသေးစိတ်ကျသော နစ်နာမှုများ သက်ဆိုင်သော အကြောင်းအရာများ အရပ်ဘက်အဖွဲ့အစည်းများအပါအဝင် ပြည်သူလူထုထံမှ အကြံပြုချက်များကိုလည်း MCRB က တောင်းခံခဲ့သည်။ ကုမ္ပဏီကြောင့်ဖြစ်ပေါ်ရသည့် နစ်နာမှုများနှင့် မည်သို့သောအကျိုးဆက်များဖြစ်ပေါ်ခဲ့သည်ကို ဖော်ပြကြရန် ဖြေဆိုသူများအား တိုက်တွန်းခဲ့သည်။

ကုမ္ပဏီဝဘ်ဆိုဒ်များတွင် မူဝါဒများကို လက်ခံကျင့်သုံးမှုနှင့် အထည်ဖော်မှုများကို ဖော်ပြထားသည့်တိုင် ယင်းဖော်ပြချက်များတွင် ပါဝင်သည့် စွပ်စွဲချက်များ မှန်၊ မမှန်ကို MCRB က စစ်ဆေးအတည်ပြုနိုင်ခဲ့ခြင်းမရှိဘဲ ယင်းတို့ကို ဖြေရှင်းပြီးခြင်း ရှိ၊မရှိကို ဖော်ပြသည့် မီဒီယာဖော်ပြချက်တစ်ခုခုကိုလည်း မတွေ့ခဲ့သည်သာများသည်။ မှတ်ချက် သို့မဟုတ် တုံ့ပြန်မှုတစ်ခုခုအတွက် ကုမ္ပဏီဝဘ်ဆိုဒ်များ (ရှိသည့်ကုမ္ပဏီများ)ကို ဆန်းစစ်မှုပြုခဲ့သည်။ တွေ့ရှိသည့်အခါများတွင် မှတ်ချက်ပြန်ပေးရန်အတွက် ကုမ္ပဏီသို့ အနှစ်ချုပ်ကိုလည်း ပို့ပေးခဲ့သည်။ မှားယွင်းစွာဖော်ပြမှုများအတွက် ပြန်လည် ပြင်ဆင်ချက်များ အပါအဝင် ယင်းကိစ္စရပ်များနှင့်ပတ်သက်ပြီး မိမိတို့ဝဘ်ဆိုဒ်များမှ သတင်းအချက်အလက်များထုတ်ပြန်ရန် ကုမ္ပဏီများကိုလည်း

တိုက်တွန်းအားပေးခဲ့သည်။ SPA (ပန်းလှိုင်ဂေါက်ကွင်း)နှင့် မက်စ်မြန်မာ(ငပလီကမ်းခြေမှ သဲများထုတ်ယူခြင်းနှင့် ပတ်သက်ပြီး)တို့ကသာ ဖြေရှင်းမှုများ ပြုလုပ်ခဲ့သည်။

## အေဝမ်း

အထူးသဖြင့် ကျန်းမာရေးသက်ရောက်မှုများနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကိုနှင့် ပတ်သက်သော စိုးရိမ်ပူပန်မှုများကြောင့် ဧရာဝတီတိုင်းဒေသကြီး ငရုတ်ကောင်းမြို့နယ်တွင် အေဝမ်းနှင့် မစ်ဆူဘီရှီတို့က တည်ဆောက်ရန် စီစဉ်နေသည့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံကို ဒေသခံများက ကန့်ကွက်ကြသည်။

See: Irrawaddy Division Minister Says No Coal Power Without Public s OK, The Irrawaddy, 25 November 2014 and

Facebook:  Stop-Dirty-Coal-Power-Plants-in-MyanmarBurma

## အေးရှားဝေါလ်

ဒေသခံများအတွက် အကျိုးမဖြစ်ထွန်းခြင်း (ဥပမာ လျှပ်စစ်ဓာတ်အား)၊ မလုံလောက်သော လျော်ကြေး၊ အသက်မွေးဝမ်းကြောင်း ပြန်လည်ထူထောင်ရေးတို့ရှိနေသည့် သောက်ရေခပ်ဆည်ကြောင့် တောင်ငူမြို့မှ ၁၄ မိုင်အကွာရှိ ထုံးဘိုကျေးရွာ နေရာရွှေ့ပြောင်းရခြင်း။

Villagers claim Company compensation not enough, 22 December 2012;

Htone Bo villagers demand Asia World Company give back their land, 7 March 2013; and

Villagers Protest Hydropower Dam  'This Is Our Land  We Want It Back&", 19 May 2015

အေးရှားဝေါလ်၊ ယုဇန၊ ထူးနှင့် စားအုန်းဆီ စိုက်ပျိုးထုတ်လုပ်သည့်ကုမ္ပဏီများက ရယူထားခဲ့သည့် မိမိတို့ပိုင်မြေများကို ပြန်ပေးရန် တနင်္သာရီတိုင်းရှိ ကျေးရွာများမှ ရွှေ့ပြောင်းခံခဲ့ရသူများက တောင်းဆိုခဲ့ကြသည်။

Displaced, Relocated And Our Land Given To Companies&9 January, 2014, Karen News)

ကချင်ပြည်နယ် မြစ်ဆုံဆည်လုပ်ငန်းခွင်ဧရိယာမှ ရွှေ့ပြောင်းခံခဲ့ရသော ကျေးရွာသားများသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆက်လက်လုပ်ကိုင်နိုင်ခြင်းမရှိသလို ပြောင်းရွှေ့နေရာချထားသည့်အိမ်ရာများလည်း စံချိန်စံညွှန်း မပြည့်ကြပေ။

Myitsone Dam Project on Hold, but Far From Deadç Irrawaddy, 6 November 2013

and Model Villages are not a Model, Kachin Development Networking Group, June 2013

နေပြည်တော် လေယာဉ်ကွင်းတိုးချဲ့ခြင်းကြောင့် သိမ်းယူခဲ့သည့် လယ်ယာမြေများအတွက် ၂၀၁၁ ဧပြီ ၂၀ တွင်ပေးခဲ့သည့် လျော်ကြေးများသည် တန်ကြေးနှင့်အညီမဖြစ်ဟု လယ်ဝေးမြို့နယ်၊ ဧလာကျေးရွာမှ လယ်သမားများကဆိုပြီး သမ္မတထံ တိုင်ကြားစာများ ပေးပို့ထားသည်ဟုဆိုသည်။

Complaint about airport land grab submitted to President (in Burmese), Myanmar Times 22 May 2013

အေးရှားဝေါလ်နှင့် ၄င်း၏ လက်ခွဲကန်ထရိုက်ကုမ္ပဏီ ဟိုပင်တို့သည့် ၂၀၁၅ မေလလယ်တွင် ဟိုတယ်၊ လေယာဉ်ကွင်း

တည်ဆောက်ရေးအတွက် ငပလီရှိ မဇင်းကမ်းခြေမှသဲများကို စက်ယန္တယားကြီးများနှင့် မြေတူးစက်များအသုံးပြုပြီး ထုတ်ယူလျှက်ရှိသည်ဆိုသော ပြည်သူများထံမှ တိုင်ကြားမှုများကို MCRB က လက်ခံရရှိခဲ့သည်။

## AMBO

လုံလောက်သောနစ်နာကြေးများ ပေးခဲ့ခြင်းမရှိဘဲ ဟိုတယ်အတွက် ချောင်းသာတွင် မြေများသိမ်းယူခဲ့သည်။

We must accept the President's decision (in Burmese), Myanmar Times, 27 December 2012

## ဒဂုံအင်တာနေရှင်နယ် ကုမ္ပဏီ

ယုဇနနှင့် ဒဂုံအင်တာနေရှင်နယ်တို့အပါအဝင် ကုမ္ပဏီများက ၂၀၁၁ ဝန်းကျင်တွင် စိုက်ခင်းများအတွက် မြေဧက ၇၀ ကို သိမ်းယူပြီးနောက် အသက် ၁၈ အောက်များမှအပ ယင်းသစ်တောနယ်မြေတွင် နေထိုင်သူများအားလုံးနီးပါးသည် သစ်တောနယ်မြေအတွင်း တရားမဝင်နေထိုင်မှုအတွက် သစ်တောဥပဒေ ပုဒ်မ ၄၀(က) ဖြင့် တရားစွဲခံခဲ့ရသည်။

Farmers from Dekkhinathiri township in Nay Pyi Taw face new forestry law charges, Myanmar Times, 24 September 2012 and Myanmar Eleven, 14 January 2015

## ဧဒင် ကုမ္ပဏီအုပ်စု

ဧဒင်အုပ်စုက တစ်စိတ်တစ်ပိုင်းပိုင်ဆိုင်သည့် ရှမ်းပြည်နယ်တောင်ပိုင်း၊ တီကျစ်ရှိ ကျောက်မီးသွေးတွင်းနှင့် ဆက်စပ်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ရေအရင်းအမြစ်လျော့နည်းမှု ဖြစ်ခြင်းတို့အပါအဝင် ကျန်းမာရေးပြဿနာများ၊ မြေယာနှင့် အသက်မွေးဝမ်းကြောင်း ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည်။

Behind Tigyit Coal Project (In Burmese only), Myanmar Times, 5 February 2015 and

Poisoned Clouds, Pa-Oh Youth Organisation, 2011.

## ထူးအုပ်စု

အေးရှာဝေါလ်၊ ယုဇန၊ ထူးနှင့် စားအုန်းဆီ စိုက်ပျိုးထုတ်လုပ်သည့်ကုမ္ပဏီများက ရယူထားခဲ့သည့် မိမိတို့ပိုင်မြေများကို ပြန်ပေးရန် တနင်္သာရီတိုင်းရှိကျေးရွာများမှ ရွှေ့ပြောင်းခံခဲ့ရသူများက တောင်းဆိုခဲ့ကြသည်။

Displaced, Relocated And Our Land Given To Companies... 9 January, 2014, Karen News

## အိုင်ဂျီအီး

အိုင်ဂျီအီးက ရှယ်ယာပါသည့် မိုင်းတုံ ၇၀၀ မီဂါဝပ် ရေအားလျှပ်စစ်စက်ရုံ စီမံကိန်းကို ဒေသခံများနှင့် အရပ်ဘက်အဖွဲ့အစည်းများက ကန့်ကွက်ခဲ့ကြသည်။

Dam public consultation ends in protest, criticism, Myanmar Times 18 March 2015

## ကေအမ်အေ

ဒဂုံဆိပ်ကမ်းမြို့နယ်မှ လယ်သမားများသည် ၅၀ဧကခန့်ရှိသည့်မြေပေါ်တွင် ခြံခတ်ရန်ကြိုးစားသည့် ကေအမ်အေ

ကုမ္ပဏီအုပ်စုမှ အလုပ်သမားများနှင့် ပြဿနာဖြစ်ပွားရာမှ ဒဏ်ရာရရှိခဲ့သည်။
Download PDF - Myanmar Eleven E-Paper (February 11, 2014)

တောင်ငူမြို့နယ်အနီးတွင် ကေအမ်အေ ကုမ္ပဏီအုပ်စုက ကျွန်းစိုက်ပျိုးမှုအတွက် လယ်သမားများက ၎င်းတို့၏ လယ်မြေများကို ပြန်လည်တောင်းဆိုရန် ကြိုးပမ်းကြသည်။ ငွေပေးချေမှုအတွက်လည်း အငြင်းပွားမှုများ ဖြစ်ပွားခဲ့သည်။
http://www.elevenmyanmar.com/local/bago-farmers-reclaim-land

## မက်စ် မြန်မာ

၎င်း၏ ဟိုတယ်အတွက် တရားမဝင် ပင်လယ်ရေထိန်းနံရံ တည်ဆောက်ခြင်းနှင့် ငပလီကမ်းခြေမှ သဲတူးဖော်ခြင်း ပြုလုပ်ခဲ့သည်ဟု မက်စ်မြန်မာအား စွပ်စွဲခဲ့သည်။
Max Myanmar in hot water over Ngapali allegations, Myanmar Times, 13 January 2014.

ထိုစွပ်စွဲချက်ကို ဖြေရှင်းခြင်းအားဖြင့် မက်စ်မြန်မာက ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပြီး လက်ရှိအချိန်တွင် ငပလီကမ်းခြေကို ဖျက်ဆီးနေသော သဲထုတ်ယူခြင်းကို ဆန့်ကျင်ကြောင်း လူသိရှင်ကြားထုတ်ပြန်ခဲ့သည့် ပထမဆုံးသော ကုမ္ပဏီတစ်ခု ဖြစ်လာခဲ့သည်။

## Myanmar Golden Star (MGS)

MGS က မအူပင်မြို့နယ်တွင် မြေ ၁၆၉ ဧကနှင့် ဆိပ်ဖြူမြို့နယ်တွင် မြေ ၅၂၀ ဧကတို့ကို ရယူခဲ့ခြင်းနှင့်ပတ်သက်ပြီး တိုင်ကြားမှုများကို မြေယာစုံစမ်းစစ်ဆေးရေးကော်မရှင်က လက်ခံရရှိခဲ့သည်။ လယ်ယာမြေ စုံစမ်းစစ်ဆေးရေးကော်မရှင် အစီရင်ခံစာ၊ ၂၀၁၃၊ ဩဂုတ်ကို ရှုပါ။

## ပတ္တမြားနဂါး ကုမ္ပဏီ

ငပလီရှိ Jade Marina ဟိုတယ် ဆောက်လုပ်ရေးအတွက် ကုမ္ပဏီက ငပလီကမ်းခြေမှ သဲများထုတ်ယူခဲ့သည်ဟု MCRB ထံ ပြည်သူများက တိုင်ကြားခဲ့သည်။

## စိန်ဝတ်မှုံ

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ရာဘာစိုက်ခင်းများအတွက် စစ်တပ်နှင့်ပေါင်းပြီး မြေယာသိမ်းယူမှုများကို စိန်ဝတ်မှုံ ကုမ္ပဏီက လုပ်ဆောင်ခဲ့သည်ဟု စွပ်စွဲခံခဲ့ရသည်။
Guns, Cronies and Crops Global Witness, March 2015.

## Serge Pun Associates

ပန်းလှိုင်ဂေါက်ကွင်းနှင့် အိမ်ရာစီမံကိန်းဖြစ်လာမည့် မြေယာအပါအဝင် ၁၉၉၀ ပြည့်နှစ် အစောပိုင်းက သိမ်းယူခဲ့သည့် မြေယာများနှင့်စပ်လျဉ်းပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြေယာရယူခြင်း လုပ်ငန်းစဉ်

များသည် တည်ဆဲ မြေယာရယူခြင်းဥပဒေများ၊ နည်းဥပဒေများနှင့် ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများ၊ စဉ်းမျဉ်းစည်းကမ်းများ၊ ယင်းတို့ကို ဖြေရှင်းရန်အတွက် ပေးထားသည့်အကြံပြုချက်များနှင့် အပြည့်အဝ ကိုက်ညီခြင်းမရှိဟု လွှတ်တော်၏ မြေယာစုံစမ်းစစ်ဆေးရေးကော်မရှင် ဒုတိယမြောက်အစီရင်ခံစာ (available at http://www.mylaff.org/ document/view/2488) တွင် ဖော်ပြထားသည်။ ၁၉၉၀ ပြည့်နှစ် နှောင်းပိုင်းတွင် တည်ဆဲဥပဒေများအတိုင်းဆောင်ရွက်ပြီး ဂေါက်ကွင်းတည်ဆောက်ရေးအတွက်ဟု အဓိကရှယ်ယာရှင်များ ခေါ်ယူထားသည့် ပူးတွဲကုမ္ပဏီဖြစ်သော SPA သို့ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ရောင်းချခဲ့သည်။ ယင်းသို့ ပုံမှန်မဟုတ်သော ယခင်ဆောင်ရွက်ခဲ့မှုများကို သက်ဆိုင်သူများနှင့် တွေ့ဆုံပြီး နှစ်ဖက်ကျေလည်အောင် ဖြေရှင်းခဲ့ရသည်ကို SPA က MCRB အား ရှင်းလင်းပြခဲ့သည်။

## ယုဇနကုမ္ပဏီအုပ်စု

ကချင်ပြည်နယ်တွင် ယုဇနကုမ္ပဏီက ပိုင်ဆိုင်သည့် ပီလောပီနံစက်ရုံမှ လေနှင့်ရေ ညစ်ညမ်းမှုများဖြစ်ပေါ်သည်ဟု ဒေသခံများက ဆိုသည်။ စွန့်ပစ်ရေများကြောင့် စမ်းချောင်းများညစ်ညမ်းခဲ့ကာ ငါးများ သေဆုံးခဲ့ရသည်ဟု အရပ်ဘက်အဖွဲ့အစည်းများက MCRB သို့ တိုင်ကြားခဲ့သည်။

ယုဇနကုမ္ပဏီ၏ ပီလောပီနံစိုက်ခင်းများအတွက် စံပြကျေးရွာတစ်ခုသို့ ပြောင်းရွှေ့နေထိုင်ရန် ကျေးရွာခြောက်ရွာအား အတင်းအကြပ် ရွှေ့ပြောင်းခဲ့ပြီး အသက်မွေးဝမ်းကြောင်းဆုံးရှုံးမှုများဖြစ်ခဲ့ကာ အခြား လူမှုဘဝသက်ရောက်မှုများလည်း ဖြစ်ပေါ်ခဲ့သည်။ ကုမ္ပဏီသည် လုပ်ခပေးရန်ပျက်ကွက်ခဲ့ပြီး လုပ်သားများအား အဓမ္မခိုင်းစေမှုများလည်း ပြုလုပ်ခဲ့ကာ မှတ်ပုံတင်ကတ်များ သိမ်းထားခြင်းလည်း ပြုလုပ်ခဲ့သည်။

Model Villages are not a Model, Kachin Development Networking Group, June 2013

ကြံနှင့် ပီလောပီနံစိုက်ခင်းများအတွက် ဟူးကောင်းချိုင့်ဝှမ်းတွင် ဧက ၃၀၀၀ ကျော်ကို ၂၀၀၆ တွင်သိမ်းယူခဲ့ခြင်းနှင့် ပတ်သက်ပြီး ၎င်းတို့၏ တိုင်ကြားမှုများကို တုံ့ပြန်ဖြေရှင်းခြင်းမပြုခဲ့သဖြင့် ကချင်တက်ကြွလှုပ်ရှားသူများနှင့် လယ်သမားများက ၂၀၁၀ တွင် ယုဇနကုမ္ပဏီအား တရားစွဲခဲ့ကြသည်။ ၂၀၁၄ တွင် ယုဇနကုမ္ပဏီအား နောက်ထပ်တရားစွဲမှုတစ်ခု ပြုလုပ်သွားမည်ဟု ကြေညာခဲ့သည်။

Kachin farmers to sue Yuzana U Htay Myint, Myanmar Times, 29 May 2014

အေးရှာဝေါလ်၊ ယုဇန၊ ထူးနှင့် စားအုန်းဆီ စိုက်ပျိုးထုတ်လုပ်သည့်ကုမ္ပဏီများက ရယူထားခဲ့သည့် မိမိတို့ပိုင်မြေများကို ပြန်ပေးရန် တနင်္သာရီတိုင်းရှိကျေးရွာများမှ ရွှေ့ပြောင်းခံခဲ့ရသူများက တောင်းဆိုခဲ့ကြသည်။

Displaced, Relocated And Our Land Given To Companies...9 January, 2014, Karen News

ကုမ္ပဏီက လုပ်ခပေးရန်ပျက်ကွက်ခဲ့မှုအတွက် ယုဇနဆီအုန်းကုမ္ပဏီ၏ အလုပ်သမား ၅၃ ဦးအနက် ၄၅ ဦးက ကော့သောင်းမြို့နယ်၏ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဦးစီးဌာနသို့ တိုင်ကြားမှုပြုလုပ်ခဲ့သည်။

The Myanmar Post, 1 April 2015

ယုဇနနှင့် ဒဂုံအင်တာနေရှင်နယ်တို့အပါဝင် ကုမ္ပဏီများက စိုက်ခင်းများအတွက် သိမ်းယူထားသည့် မြေများပေါ်တွင် ဆက်လက်နေထိုင် စိုက်ပျိုးနေသည့် ကျေးရွာသား ၁၂၅ ဦးကို သစ်တောနယ်မြေတွင် တရားမဝင်နေထိုင်မှုအတွက် သစ်တော ဥပဒေ ပုဒ်မ ၄၀(က)အရ တရားစွဲဆိုထားသည်။

Naypyidaw farmers in face new forestry law charges, Myanmar Times, 24 September 2012

**ဇေကမ္ဘာ**

ရန်ကုန်မြောက်ပိုင်း၊ ရွှေပေါက်ကံမြို့နယ်ရှိ ဇေကမ္ဘာကုမ္ပဏီက ပိုင်ဆိုင်သည် မြေတွင် ကုမ္ပဏီကစေခိုင်းသည့် လူ ၃၀၀ ခန့်က အိမ်များကိုဖျက်ဆီးခြင်းနှင့် နေထိုင်သူများကို ရိုက်နှက်ခြင်းများ ပြုလုပ်ခဲ့သည်။

Four injured in Shwe Paukkan conflict (in Burmese), Radio Free Asia, 13 June 2015 and

Sinbon villagers beaten by a gang of 300 (in Burmese), 7 Day Daily, 14 June 2015.

ရန်ကုန် စက်မှုဇုန် ၄ ၏ မြေနှင့်ပတ်သက်ပြီး ခွင့်ပြုချက်ရရှိထားသော ကုမ္ပဏီနှင့် မူလမြေပိုင်ရှင်များကြား ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေသည်ဟု 2nd report of the Parliament's Farmland Investigation Commission တွင် ထည့်သွင်းရေးသား ထားသည်။ ဇေကမ္ဘာကုမ္ပဏီသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်နှင့် ညွှန်ကြားချက်များအတိုင်း ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပြီး ပြဌာန်းထားသည့်အတိုင်း မြေယာရယူခြင်းလုပ်ငန်းများ ပြည့်စုံအောင်ဆောင်ရွက်ပြီးချိန်မှသာ စီမံကိန်းလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ရမည်ဖြစ်သည်။

## Founders

Institute for Human Rights and Business
Sharping Policy • Advancing Practice • Strengthening Accountability

THE DANISH INSTITUTE FOR HUMAN RIGHTS

## Current core funders

UKaid from the British people

norway

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra

Danida

Government of the Netherlands

Irish Aid
Department of Foreign Affairs
An Roinn Gnóthaí Eachtracha

about
# MRCB

Myanmar Centre for Responsible Business (MRCB) is a Yangon based initiative funded by the UK, Denmark, Norway, Switzerland, Netherlands and Ireland, based on a collaboration between the UK based Institute of Human Rights and Business, and the Danish Institute for Human Rights. The Centre was established to provide an effective and legitimate platform for the creation of knowledge, capacity and dialogue concerning responsible business in Myanmar, based on local needs and international standards, which results in more responsible business practices. It is a neutral platform working with business civil society and government.

What kind of behaviour constitutes a
# 'Responsible Business'?

Every business is different. However MCRB believes that here are some of the characteristic of a Responsible Business...

- Obeying the law
- Respecting human rights
- Having a commitment to avoiding corruption and not paying bribe or tea money
- Paying taxes
- Respecting its employees
- Respecting the environment
- Treating other business responsibly
- Treating its customers responsibly
- Being Transparent
- Responding to and engaging with stakeholders

**Myanmar Centre for Responsible Business - MRCB**
No. 15, Shan Yeik Thar Street, Sanchaung Township, Yangon, Myanmar.
Tel/Fax : 95 1 510069